ရန္တာပုံ
မနော်ဟန်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၆)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၄ ရက် ၊ ၅-၄-၂၀၂၆၊ တနင်္ဂနွေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလို တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ နှင့် မစ္စစ် ရိုဆာရီယို မူရီလို တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့လာပါသည်။

မာနာဂွါမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်
ဦးမင်းအောင်လှိုင်
ရွေးကောက်ခံသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြားတည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ခိုင်မာအောင် လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ မိမိတို့၏ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ကျန်းမာသုခနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ အစဉ်အမြဲလွတ်လပ်သော နီကာရာဂွါနိုင်ငံရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ညီရင်းအစ်ကိုပမာ နွေးထွေးစွာ နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ　　　　ရိုဆာရီယို မူရီလို

# မြစ်ကြီးနားလေဆိပ်၌ လေကြောင်းလိုင်းများဆင်းသက်မှု ရက်ပေါင်း ၄၀ ကျော် ရပ်နားထားခဲ့ပြီး ယနေ့မှစ၍ ပြန်လည်ပြေးဆွဲ

မြစ်ကြီးနား ဧပြီ ၄

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသည့် လေကြောင်းလိုင်းပြေးဆွဲမှုများကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ ရပ်နားထားခဲ့ရာမှ ယနေ့ ဧပြီ ၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားလေဆိပ်၌ ခရီးသည်တင်လေကြောင်းလိုင်းများ စတင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်း ထိခိုက်မှုဖြစ်ပွားခဲ့သဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ လေယာဉ်ပြေးဆွဲမှုများကို ရက်ပေါင်း ၄၀ ကျော်ကြာ ရပ်နားထားခဲ့ရခြင်းဖြစ်သည်။

ယနေ့တွင် ပြည်တွင်းပြေးဆွဲလျက်ရှိသော Air ThanLwin လေကြောင်းလိုင်း စတင်ပြေးဆွဲခြင်းဖြစ်ပြီး အများပြည်သူခရီးသွားလာမှု အဆင်ပြေစေရေးအတွက် မြစ်ကြီးနားလေဆိပ်မှ ပုံမှန်ပြေးဆွဲနေကြသော လေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Air ThanLwin လေကြောင်းလိုင်း၊ မန်းရတနာဘုံလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်းစသည့် လေကြောင်းလိုင်းလေးခုမှ တစ်ပတ်လုံး အလှည့်ကျပြေးဆွဲသွားမည်ဖြစ်ကာ ပူတာအိုလေဆိပ်သို့လည်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့နှင့်တနင်္ဂနွေ နှစ်ရက်ပြေးဆွဲပေးသွားမည်ဖြစ်သည့်အပြင် မန်းရတနာဘုံလေကြောင်းလိုင်းနှင့် မင်္ဂလာလေကြောင်းလိုင်းတို့ကလည်း ပူတာအိုသို့ ပြေးဆွဲနိုင်ရေး စီစဉ်ထားကြောင်း မြစ်ကြီးနားလေဆိပ်တာဝန်ခံ



ဦးစည်သူထံမှ သိရသည်။

ယခုအခါ လေကြောင်းလိုင်းများ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ခရီးသွားလာမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကြောင့် ခရီးသွားလာမည့်သူများ ပိုမိုအဆင်ပြေသွားမည်ဖြစ်သည့်အပြင် ဌာနဆိုင်ရာများ၏ ရုံးလုပ်ငန်းများမှာလည်း ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၂၆ ခုနှစ်၊ မေ ၅ ရက်၊ တနင်္လာနေ့ ။

# အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

အပူဒဏ်အန္တရာယ်မဖြစ်ပွားမီကတည်းက ကာကွယ်နိုင်ရေးသည် အရေးကြီးသဖြင့် အသိပညာပေးနှိုးဆော်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ရောက်ရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ကုသရေးအထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် စံကုသမှုလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ထားရှိစေလိုကြောင်း၊ နှစ်စဉ်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သော်လည်း အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းစေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မေ ၂ ရက် မွန်းလွဲပိုင်းတွင် Semi Virtual စနစ်ဖြင့်ကျင်းပသည့် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် နီးနွယ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ကျန်းမာရေးဌာနအဆင့်ဆင့်ထံသို့ ဖြန့်ဝေထားရှိမှု၊ အပူဒဏ်အန္တရာယ်လူနာစံကုသမှုလမ်းညွှန်များအား ဖြန့်ဝေထားရှိမှု၊ ပြည်သူများအတွက် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် အပူဒဏ်အန္တရာယ်ခံစားရသော လူနာများအား ရှေးဦးပြုစုခြင်းတို့နှင့်ပတ်သက်၍ အသိပညာပေး နှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိမှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် အသိပညာပေးနှိုးဆော်နေမှုနှင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုအား စောင့်ကြပ်ကြည့်ရှုနေမှုတို့အပါအဝင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက အပူရှောင်စခန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေးကြိုတင်ပြင်ဆင်ထားရှိမှု၊ ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု၊ ဆေးရုံနှင့်ဆေးခန်းများတွင် လူနာများ လက်ခံကုသနိုင်ရန် ခုတင်နေရာများ ပြင်ဆင်ထားရှိမှု၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ထားရှိမှုများ၊ ကွင်းဆင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူအများမြင်သာသည့် နေရာများတွင် အသိပညာပေးနှိုးဆော်ချက် ဆိုင်းဘုတ်များထားရှိမှု၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နွေရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သောကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပုသိမ်ကြီးမြို့နယ်၌ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**ပုသိမ်ကြီး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ်တွင် အောင်မြင်တော်မူကြသော ရဟန်း၊ သီလရှင်များအား စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပခြင်းကို ယနေ့နံနက် ၈ နာရီက သီရိမင်္ဂလာ သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စာအောင်သံဃာ၊ သီလရှင်များက အန္တရာယ်ကင်းဂါထာများ ရွတ်ဖတ်တော်မူကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများက ရေစက်ချတရားနာယူကြည်ညိုကြသည်။

အဆိုပါ စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပထမကြီးတန်းအောင် ၁၅ ပါး၊ ပထမလတ်တန်းအောင် ၂၆ ပါး၊ ပထမငယ်တန်းအောင် ၆၆ ပါး၊ အခြေပြုမူလတန်းအောင် ၁၁၂ ပါး၊ စုစုပေါင်း စာအောင် ရဟန်း၊ သီလရှင် ၂၁၉ ပါးအား စာအောင်လက်မှတ်နှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီးဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**စာနည်းကိုကို(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ချမ်းအေးသာစံမြို့နယ်၌ ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**မန္တလေး မေ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ စာဖြေသံဃာတော်၊ သီလရှင်စုစုပေါင်း ၇၃ ရာခိုင်နှုန်း ဖြေဆိုခဲ့သည်။ **(ဝဲပုံ)**



၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် စာရင်းရှိ သံဃာ၊ သီလရှင်စုစုပေါင်း ၆၇ ပါး၊ ဖြေဆို ၄၉ ပါး၊ ပျက်ကွက် ၁၈ ပါးရှိရာ သံဃာတော်၊ သီလရှင် စုစုပေါင်း ၇၃ ရာခိုင်နှုန်း ဖြေဆိုခဲ့သည်။ အဆိုပါ စာမေးပွဲကို စာဖြေဌာနများအလိုက် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

# မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မေ ၄**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ရှိ သင်္ကြန်ချစ်သူပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် ဆန်းသစ်သည့် အစီအစဉ်ကောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ဇုန်အတွင်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက် သတ်မှတ်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရိုးရာလက်မှုပညာရပ်များ၊ ယခင်နှစ်များနှင့် မတူညီသည့်ဒီဇိုင်းများဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း Mandalay Management Coperation မှ Managing Director ဦးစိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ဇုန်တွေအတွင်းမှာပဲ သနပ်ခါးယဉ်ကျေးမှုအတွက်ကိုလည်း ရေပက်ခံလာတဲ့သူတွေကို သနပ်ခါးလိမ်းလို့ရအောင် သနပ်ခါးကျောက်ပျဉ်တွေ ချထားပေးမယ်။ နောက်ပြီး ဇုန်များအလိုက် ထီးတွေနဲ့ အလှဆင်တာတွေ၊ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရေလောင်းနိုင်ဖို့ လောင်းလှေတွေလည်း စီစဉ်ပေးသွားမှာပါ။ တခြားထူးခြားတဲ့ အစီအစဉ်တွေလည်း ရှိပါသေးတယ်"ဟု ပြောသည်။

ထို့ပြင် ယခုနှစ်တွင် ပြည်သူများ ပင်ပန်းခဲ့သမျှ ပြေပျောက်၍ ပိုမိုအပန်းဖြေစေလိုသည့် ရည်ရွယ်ချက်ဖြင့် မဏ္ဍပ်ကိုလည်း ခမ်းနားထည်ဝါစွာ တည်ဆောက်နေပြီး နိုင်ငံကျော်အဆိုတော်ပေါင်းများစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေသွားမည်ဖြစ်ကာ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများကိုလည်း သင်္ကြန်အကြိုနေ့မှစတင်၍ နေ့စဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း စွမ်းအင်ချွေတာသည့် အနေဖြင့် ဆိုလာပါဝါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ချစ်သူပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအလှအပများ၊ ဖျော်ဖြေရေးအစီအစဉ်ကောင်းများကို ခံစားရင်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ အတူတကွ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်

**နေပြည်တော် ဧပြီ ၄**

၂၀၂၆ ခုနှစ်၊ ဧပြီ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မျိုးဆက်သစ်ဝံသာနုပါတီ၊ မြန်မာနိုင်ငံ ဟုတ်ကြန့်တရုတ်မျိုးနွယ်အသင်းချုပ်၊ မြန်မာပြည်ဖွားတရုတ်ကုသိုလ်ဖြစ်အသင်း၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ် Myanmar Wenzhou General Chamber of Commerce၊ မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း၊ ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း၊ ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်(MIIBF)၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC)၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

**အထူးဂုဏ်ယူဝမ်းမြောက်**

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာ ကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည့် မူဝါဒနှင့်အညီ ပြည်သူလူထုအမှန်တကယ် လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် "ကမ္ဘာမှာ မြန်မာဟေ့" လို့ ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝ အားကိုးယုံကြည်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းစသည်ဖြင့် ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း

၂၀၂၆ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် မျိုးဆက်သစ်ဝံသာနုပါတီမှ ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုသည့် မူဝါဒနှင့်အညီ ပြည်သူလူထု အမှန်တကယ် လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် "ကမ္ဘာမှာ မြန်မာဟေ့"လို့ ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝအားကိုးယုံကြည်ပါသည်။

အစိုးရသစ်အနေဖြင့် တိုင်းပြည်ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ တာဝန်ပေးအပ်ပါက သက်စွန့်ဆံဖျား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် မျိုးဆက်သစ်ဝံသာနုပါတီမှ အသင့်စောင့်ဆိုင်းနေပါသည်။

နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ပြည်သူ့အကျိုး၊ ဘာသာ သာသနာအကျိုးကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မျိုးဆက်သစ်ဝံသာနုပါတီ**
**၂၀၂၆ခုနှစ်၊ ဧပြီလ(၃)ရက်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံ ဟုတ်ကြန့်တရုတ်မျိုးနွယ်အသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာပြည်ဖွားတရုတ်ကုသိုလ်ဖြစ်အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်" Myanmar Wenzhou General Chamber of Commerce က အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်**
**Myanmar Wenzhou General Chamber of Commerce**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း"က အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာမည်ဟု အခိုင်အမာယုံကြည်ပါသည်။

**ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ကောင်းတုံကုန်သည်နှင့်လုပ်ငန်းရှင်များအသင်း**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီလ ၅ ရက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ထက်မြက်သောဦးဆောင်မှုဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်းကောင်း၊ တပ်မတော်၏ဂုဏ်ဒြပ်နှင့် ကာကွယ်ရေးစွမ်းပကားကိုလည်းကောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဖော်ဆောင်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြည်ထောင်စုကြီး၏အနာဂတ် သာယာဝပြောရေး တာဝန်အရပ်ရပ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်း လှိုက်လှဲစွာဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များအသင်းချုပ်(MIIBF)ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကို အပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာ တွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့်နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး
ပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်
ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု ခေါင်းဆောင်မှုပေးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက် မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့တာဝန်များကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

၂၀၂၆ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော် သမ္မတအဖြစ် တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံသားပြည်သူများအကြား ပိုမိုချစ်ခင်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

ယခုနှစ် ကျင်းပမည့် မဟာသင်္ကြန်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများအားလုံးပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်၊ အနှစ်သာရရှိသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်မုခ်ဦးတည်ဆောက်နေမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ သီဆိုကပြဖျော်ဖြေတင်ဆက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ရိုးရာသနပ်ခါးနှင့် လက်ဖက်ပွဲတော်မဏ္ဍပ်နှင့် ထမနဲမဏ္ဍပ် တည်ဆောက်နေမှု၊ ဝန်ကြီးဌာနများအလိုက် မဟာသင်္ကြန်မဏ္ဍပ်များတည်ဆောက်နေမှု၊ စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန် ကျင်းပမည့်ဧရိယာအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီအသီးသီးအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော်ရင်ပြင်၌ ကျင်းပမည့် လမ်းလျှောက်သင်္ကြန်၌ ပြည်တွင်းမှ နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီများရှင် ရန်အောင်၊ ထပ်ဆင့်အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ နေအောင်၊ အကယ်ဒမီများရှင် စိုးမြတ်သူဇာနှင့် စည်သူလွင်၊ ဖိုးကာ၊ ဖြိုးကြီး၊ ဂျီလတ်၊ နော်နော်၊ ဝေလ၊ လွှမ်းပိုင်၊ ရွှေထူး၊ G Fatt၊ ဝနှ၊ ဖွဲ့ထက်၊ Project K အဖွဲ့၊ မေခလာ၊ ကော်နီ၊ ထွန်းအိန္ဒြာဗိုလ်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ နန်းစုရတီစိုး၊ ရတနာမိုင်၊ Bobby Soxer၊ ယွန်းမြတ်သူ၊ အယွန်းတို့က Mercury IX Music Band၊ New Paper Music Band တို့နှင့် တွဲဖက်၍ ပြည်သူအကြိုက်တေးသီချင်းများဖြင့် ရက်အလိုက် ပါဝင်သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ပြီး လာရောက်လည်ပတ်ကြမည့် ပြည်သူများအား ရွှေသံလွင်မိသားစုက စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် (၁၃၈၇ ခုနှစ်) သင်္ကြန်တွင် နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားခြင်း မပြုလုပ်ကြရန် စီမံထားရှိကြောင်း၊ ယိမ်းအကအဖွဲ့များကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော်၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်း၊ ငါးလွှတ်ခြင်းစသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရမပျက် အလှူဒါနပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား ဧပြီ ၁၃ရက်မှ ဧပြီ ၁၆ ရက်အထိ ကျင်းပပြုလုပ်သွားမည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် "မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော်"ကို မန္တလေးကျုံးပတ်လည်တွင် ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကျုံးဘေးပတ်လည်တွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် မဏ္ဍပ်အကြီး ၁၇ ခု၊ မဏ္ဍပ်အသေး ၂၈ ခု စုစုပေါင်း ၄၅ခု တည်ဆောက်ထားရှိမည်ဖြစ်သည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အများပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားခြင်းအပြင် ဖျော်ဖြေရေးအစီအစဉ်အား ကြည့်ရှုခံစားရင်း စတုဒိတာမဏ္ဍပ်များ၌ တပျော်တပါး ပါဝင်ဆင်နွှဲနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက် မန္တလေးသင်္ကြန်ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဈ)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးငြိမ်းအေးကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး NGB | | | |
| --- | --- | --- | --- |
| ဆက်ဆူအိုလို | ၂ - ၁ | ကက်ဂလီယာရီ | |
| ပီရိုနာ | ၀ - ၁ | ဖီအိုရင်တီးနား | |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး NGB | | |
| --- | --- | --- |
| လေဗာကူဆင် | ၆ - ၃ | ဝုဖ်ဘတ် |
| ဖရိုင်းဘတ် | ၂ - ၃ | ဘိုင်ယန်မြူးနစ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀) အနိုင်၊ အရှုံး NGB | | |
| --- | --- | --- |
| ဆိုစီဒက် | ၂ - ၀ | လီဗန်တေး |
| မာယော့ကာ | ၂ - ၁ | ရီးရဲလ်မက်ဒရစ် |

| အင်္ဂလိပ်အက်ဖ်ေအဖလား ကွာတားဖိုင်နယ်ပွဲစဉ် အနိုင်၊ အရှုံး NGB | | |
| --- | --- | --- |
| မန်စီးတီး | ၄ - ၀ | လီဗာပူး |
| ချဲလ်ဆီး | ၇ - ၀ | ပို့တ်ဗေးလ် |

# ခုခါသမယ ပရဟိတ လိုအပ်စွ

လူ့ဘောင်လောကကြီးသည် 'သုခနှင့်ဒုက္ခ'တို့ရောပြွမ်းကာ တွေ့ကြုံခံစားနေကြရသည့် ဘုံဌာနကြီးတစ်ခု ဖြစ်ပါသည်။ နတ်ဒေဝတာများကဲ့သို့ ကမ္ဘာဝစရ ကုသိုလ်အကျိုးကိုသာ မှီဝဲသုံးစွဲနေရသော ဘုံဌာနမျိုး မဟုတ်ပေ။ ထို့ကြောင့်လည်း လူ့ဘဝတွင် ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရသည့် အချိန်အခါမျိုးရှိနေသလို၊ သောကဗျာပါဒများနှင့် ဆင်းရဲပင်ပန်းစွာ၊ ဒုက္ခမျိုးစုံ တွေ့ကြုံနေရသည့် အချိန်အခါမျိုးလည်း ရှိနေပေသည်။ ချမ်းသာသုခနှင့် နေရသည်ထက် ဆင်းရဲဒုက္ခများ ခံစား၍နေရသည်က ပိုများလေသည်။ ချမ်းသာသုခများ ရရှိခံစားနေစဉ်တွင် သူတစ်ပါး၏ ကူညီဖေးမထောက်ပံ့မှုများကို အလေးမထားတတ်ကြ၊ မျက်ကွယ်ပြုတတ်ကြသည်။ စိတ်ရင်းမှန်ကန်သော ပေးကမ်းမှုတစ်ခုဖြစ်သော်လည်း ရယူလိုမှုတစ်ခုကြောင့် ပေးကမ်းသည်ဟု အထင်လွဲတတ်ကြသည်။ သို့သော်လည်း ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသည့်အခါ တစ်ပါးသူ၏ ကူညီအထောက်အပံ့မှုများကို ငံ့လင့်စောင့်စားတတ်ကြသည်။ ထို့ကြောင့် လူ့လောကတွင် ဆင်းရဲဒုက္ခကြုံတွေ့နေကြရသူများအတွက် လူသားများ၏ ကောင်းကျိုးမှန်သမျှကို ကူညီဖေးမစောင့်ရှောက်ပေးနေကြသည့် ပရဟိတလုပ်ဆောင်မှုများသည် အထူးပင် လိုအပ်ပေသည်။

ရာသီဥတုကဖောက်ပြန်၊ မုန်တိုင်းကထန်သည်ကြောင့် မိုးများစွာ ရွာသွန်းကာ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် ဧရာဝတီပါမကျန် မြစ်ရေပြင်များ မို့မောက်ပြည့်လျှံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး တနင်္သာရီ၊ ရခိုင်ရိုးမ၊ မြစ်ဝကျွန်းပေါ်ဒေသများအပြင် နေပြည်တော်မြို့နယ်အချို့နှင့် ရှမ်းကုန်းပြင်မြင့်ပါမကျန် ရေပြင်များသည် ဖွေးဖွေးယောင်ကြွ မြင့်တက်လာခြင်းကို ခံခဲ့ကြရသည်။ ထိုဒေသများတွင် ဒုက္ခရောက်ခဲ့ကြရသည့် တိုင်းရင်းသားညီနောင်များ ဒုနှင့်ဒေးပါ။ သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့ နှိပ်စက်ခြယ်လှယ်ခြင်းခံနေကြရသည့် အခါမျိုးတွင် သူတစ်ပါး၏ ဒုက္ခဖေးမကူညီမည့် အများအကျိုးဆောင်သည့် ပရဟိတလုပ်ငန်းသည် ပို၍ပင် လိုအပ်ပေသည်။

ယခု မြန်မာနိုင်ငံတော်တွင် အများအကျိုးသယ်ပိုးနေကြသည့် 'ပရဟိတ'လူမှုကူညီရေးအသင်းများ၊ နာရေးကူညီမှုအသင်းများ၊ ဘာသာရေးအသင်းများနှင့် နိုင်ငံတော်အဆင့် ကယ်ဆယ်ရေးအဖွဲ့များလည်း အဆင်သင့်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ ရာသီဥတုကဖောက်ပြန်၊ မုန်တိုင်းဒဏ်တို့ကြောင့် ကြောက်စရာအန္တရာယ်များနှင့် ကြုံတွေ့နေကြရသည့် ဒေသအသီးသီးအတွက် သဘာဝဘေးကယ်ဆယ်ပေးနေကြသည့် ပရဟိတကယ်ဆယ်ရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးကဏ္ဍ ဆောင်ရွက်နေကြပါသည်။

သို့သော် သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည့် နေရာဒေသများသည် နေရာအနှံ့ များပြားလှသဖြင့် ထိုထက်ပို၍ လုပ်သား လူအင်အား၊ ကူညီထောက်ပံ့ရန်ငွေအင်အား၊ ကူညီကယ်ဆယ်ရေးယာဉ်ပစ္စည်းအင်အား စသည်တို့ လိုအပ်နေပါသေးသည်။ ထို့ကြောင့် အများအကျိုး ဆောင်ရွက်ကြမည့်သူများ ဝိုင်းဝန်းကူညီရန် လိုအပ်ပေသည်။

သောကဗျာပွေ ဒုက္ခတွေကြောင့် ကူညီဖေးမစောင့်ရှောက်ကြမည့်သူများအား ငံ့လင့်စောင့်စားနေကြသူများအတွက် တတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့်အားဖြင့် သူတစ်ပါး၏ အခက်အခဲများကို အကူအညီပေးနေကြသူ 'ပရဟိတ'ဟူသမျှသည် မွန်မြတ်သော လုပ်ရပ် သူတော်ကောင်းစိတ်ဓာတ်ရှိသူများပင် ဖြစ်ပါသည်။

အများအကျိုးဆောင်သည့် လမ်းစဉ်သည် ဗုဒ္ဓ၏ လမ်းစဉ်ပါ။

လူသားလောကတွင် တန်ဖိုးအကြီးမားဆုံး၊ အမြင့်မြတ်ဆုံး၊ အသာဆုံး အနှိုင်းမဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် လောင်းတော်ဘဝနစဉ်မှသည် ဘုရားဖြစ်သည့်တိုင်အောင် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူရာမှာ သူတစ်ပါးအတွက် ကောင်းကျိုးများ ရရှိစေရန် အနစ်နာခံခဲ့တာတွေကိုသာ တွေ့ရမှာပါ။ ဗုဒ္ဓဘုရားရှင်သည် ဘုရားမဖြစ်မီ အချိန်အထိ သူလိုကိုယ်လို ပုထုဇဉ်လူသားပါ။ လူသားဘဝမှ လောကသုံးပါးတွင် အနှိုင်းမဲ့ဖြစ်လာအောင် တန်ဖိုးအကြီးမားဆုံး၊ အသာဆုံး၊ အမြတ်ဆုံးဖြစ်လာအောင် ဘဝ၏အဆင့်အတန်းမြှင့်တင်ရာမှာ ဘဝအဆက်ဆက် 'ပရဟိတ' ဆိုသည့် လုပ်ရပ်တွေနှင့်သာ ဘဝကိုမြှင့်တင်ခဲ့ပါသည်။ ထို့ကြောင့်လည်း သူတစ်ပါးအတွက် ကောင်းကျိုးဖြစ်စေရန် မိမိအနစ်နာခံပြီး ဆောင်ရွက်ပေးနေသည့် 'ပရဟိတလမ်းစဉ်'သည် ဗုဒ္ဓ၏လမ်းစဉ်ဟု ဆိုရခြင်းပါ။

ပရ= သူတစ်ပါး၊ ဟိတ= အကျိုးစီးပွား။ ထို့ကြောင့် ပရဟိတသည် အများကောင်းကျိုးကို ဆောင်ရွက်သည့်လုပ်ငန်းပါ။ ဗုဒ္ဓဘုရားရှင်သည် သူတစ်ပါးအတွက် ကောင်းကျိုးတွေကိုသာ ဆောင်ရွက်တော်မူရင်းက နောက်ဆုံး အတုလံ အတုမရှိသည့် ဗုဒ္ဓအဖြစ် ကိုယ်တော်မြတ်ကြီး၏အကျိုးကိုပါ အောင်တော်မူသွားသည်ကို တွေ့ရမှာပါ။ အများအကျိုးဆောင် ကိုယ့်ကျိုးအောင်လို့ ပြောရမှာပေါ့။ ယောဆရာတော်ဘုရားကြီး မိန့်တော်မူတာက 'အမြင်ထူးခြားလွန်သနား၍၊ အများအကျိုး၊ ကောင်းရာတိုးဖို့၊ ကိုယ်ကျိုးစွန့်ကာ၊ ဖြည့်ကျင့်လာ၊ မြတ်စွာဗုဒ္ဓပေါ်လာသည်'။ ဗုဒ္ဓဘာသာဝင်တိုင်းသည်သာ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်သင့်သည်မဟုတ်။ မည်သည့်လူမျိုးမဆို ပုဂ္ဂိုလ်၊ အယူဝါဒ၊ အဆုံးအမ မတူကြသည်ဖြစ်စေ လူမျိုးမရွေး၊ ဘာသာမရွေး လုပ်ဆောင်နိုင်သည့်လုပ်ငန်းပါ။

ယခုခေတ်အခါမှာ လူသားလောကကြီးတွင် လူ့ဘဝ၏ အဆင့်အတန်း၊ လူ့ဘဝ၏ တန်ဖိုးကို သတ်မှတ်တိုင်းတာရာမှာ လောကီအတတ်ပညာ၊ လောကီရတနာ၊ ရာထူးအာဏာ၊ ဂုဏ်ပါဝါတွေနှင့်သာ သတ်မှတ်ကြသည်ကို အများအားဖြင့် တွေ့ရတတ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာဖြင့် ဘဝ၏အဆင့်အတန်း၊ ဘဝ၏ တန်ဖိုးကို အများအကျိုးဆောင်သည့် 'ပရဟိတ'နှင့်သာ တိုင်းတာ သတ်မှတ်ကြပါသည်။ ထို့ကြောင့်လည်း ယောဆရာတော်ဘုရားကြီးက 'အများအကျိုး မသယ်ပိုး တန်ဖိုးမရှိပါ။ အတ္တကြီးမား ထိုသူများကျသွားတန်ဖိုးပါ'ဟု မိန့်တော်မူခဲ့ပါသည်။ ယခုအခါ ဤသည့် လုပ်ရပ်မျိုး ဤသည့်စိတ်ဓာတ်မျိုးတို့သည် များစွာမှ လိုအပ်လှပေသည်။ ဘဝဆိုသည်မှာ စိတ်နှင့်တန်သလို အကျိုးပေးတတ်ပါသည်။ ယခင်က စိတ်ကောင်းစိတ်မြတ်များ မွေးမြူလာခဲ့ကြလို့လည်း ယခုဘဝမှာ ဘဝကောင်းဖြစ်သည့် လူ့ဘဝကို ရရှိခဲ့ကြပါပြီ။ ယခုဘဝတွင် စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်ယုတ်မာများ မွေးမြူကြမည်ဆိုပါလျှင် နောင်အခါ ဘဝဆိုးများကို ပြန်လည်ရောက်ရှိသွားပါလိမ့်မည်။ ယခုရရှိလာသည့် လူဆိုသည့်ဘဝကောင်းတွင် စိတ်ကောင်း၊စေတနာကောင်းများကို များများမွေးမြူကြပြီး သူတစ်ပါး၏ ကောင်းကျိုးမှန်သမျှ ကူညီစောင့်ရှောက်ရင်း ဘဝ၏အဆင့်အတန်း မြင့်မားလာအောင် မြှင့်တင်သင့်လှပေသည်။ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည်မှာ 'အဂ္ဂေနစ ဘိက္ခဝေ အဂ္ဂသ ပတ္တိ ဟောတိ'။ ဆိုလိုသည်မှာ အဂ္ဂေနစ- မြင့်မြတ်သော စိတ်ထားရှိသောသူများသာလျှင်၊ အဂ္ဂသ-မြင့်မြတ်သော ဘုံဘဝ၊ ဘုံဌာနသို့၊ ပတ္တိရောက်ရှိရသည်၊ ဟောတိ- ဖြစ်၏ဟု ဟောကြားတော်မူပါသည်။

စကားစပ်၍ ပြောရမည်ဆိုလျှင် ရှေးစာဆိုပညာရှင်ကြီးများက 'ပရဟိတဆိုတာ စာတတ်ပါမှ လုပ်နိုင်တာ မဟုတ်ပါဘူး။ စာနာတတ်သည့် သူတိုင်းလုပ်လို့ရသည့် လုပ်ငန်းပါ။ ပရဟိတဆိုတာ ပြည့်စုံနေလို့ လုပ်တာမဟုတ်ပါဘူး။ လိုအပ်နေမှန်းသိလို့ လုပ်တာပါ။ ပရဟိတဆိုတာ တာဝန်အရ လုပ်တာမျိုးမဟုတ်ပါဘူး။ တာဝန်သိစိတ်ရှိသူများသာ လုပ်ဆောင်နိုင်တာပါ'ဟု ဆိုပါသည်။ အချို့ကလည်း 'ပရဟိတဆိုတာ နာမည်ရချင်လို့ လုပ်တာမဟုတ်ပါဘူး။ လုပ်ဆောင်ရင်းဖြင့် နာမည်ရလာတာပါ' စသည်ဖြင့် ပရဟိတအကြောင်း ဝေဆာစွာ ပြောကြသည်။ ကိုယ်ကျိုးစွန့်၍ လုပ်ဆောင်ပေးခြင်းသည်သာ 'ပရဟိတ'စစ်စစ် ဖြစ်ပါသည်။ ထို့နောက် ပရဟိတနှင့်ပတ်သက်၍လည်း ပရဟိတ(Philanthropic)ဆိုသော အများအကျိုးဆောင်မည့်သူများသည် (၁)အပင်ပန်းခံဆောင်ရွက်နိုင်ဖို့ လိုအပ်ပါသည် (Must be able to endcire fatigue)။ (၂)ရယူလိုစိတ် ကင်းဖို့လိုပါသည် (Must be free of desire)။ (၃)ဟိတ်ဟန်မာန်မာန ကင်းဖို့လိုပါသည်။ (Must be free of pomp and show)။ (၄)တာဝန်သိမှု၊ တာဝန်ယူမှုရှိဖို့ လိုပါသည်။ (There must be responsibility) စသည်ဖြင့်လည်း ဆိုကြပါသည်။ မည်သို့ပင်ဆိုပါစေ ပရဟိတပြုလိုသောစိတ်သည် ကောင်းမြတ်သောစိတ်၊ မွန်မြတ်သောစိတ်တို့ဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်မှာ သစ်ပင်၊ ပန်းပင်တို့ သီးကြ၊ ပွင့်ကြသည်ဆိုသည်မှာ ထိုသစ်သီး၊သစ်ပွင့်တို့ကို ထိုသစ်ပင်ပန်းပင်များက ပြန်လည်စားသုံးဖို့ သီးကြ၊ ပွင့်ကြတာ မဟုတ်ကြပါဘူး။ အများသတ္တဝါစားသုံးဖို့အတွက်ပါ။ ထို့အတူ မြစ်ရေ၊ ချောင်းရေတို့ တသွင်သွင် စီးဆင်းနေကြခြင်းသည်လည်း ထိုမြစ်ချောင်း၊ အင်းအိုင်တို့က ထိုရေအလျှဉ်ကို ပြန်လည်သောက်သုံးဖို့ မဟုတ်ပါဘူး။ အများသူငါ အေးချမ်းစွာ သောက်သုံးဖို့ပါ။ နောက်တစ်ခု ဟောတော်မူတာက နွားမများသည် နို့ရည်များ ယိုစီးချပေးနေခြင်းသည်လည်း ထိုနို့ရည်များကို ထိုနွားမကြီးများက ပြန်လည်သောက်ဖို့ မဟုတ်ပါဘူး။ အများသူငါ ခွန်အားဖြစ်ထွန်းစေခြင်းအလို့ငှာ သောက်သုံးမှီဝဲကြဖို့ပါ။ ထိုတရားတော်ကို ထောက်၍ သီတဂူဆရာတော်ကြီးကလည်း 'သစ်ပင်မြစ်ချောင်း၊ နို့ကောင်းနွားမ၊ ဤသုံးဝကား၊ သူများအကျိုး၊ သယ်ပိုးအံ့ငှာ၊ သီးချိန်တန်သီး၊ စီးမြဲစီးလျက်၊ စီးစီးယိုကျ၊ ကျိုးဆောင်ကြ၏'ဟု မိန့်တော်မူပါသည်။ 'ခက်ခဲကြုံရ၊ ဒုလ္လဘဝယ်၊ ဗုဒ္ဓသမီးသား၊ ဖြစ်ပါပြားလည်း၊ စွမ်းအားရှိသူ၊ သင့်လိုလူက၊ အများအတွက်၊ မဆောင်ရွက်ဘဲ၊ ကိုယ်ကျိုးတွက်တာ၊ ဆောင်ရွက်ပါ၊ သံသရာရှုံးမည်သာ'ဆိုသည့် ယောဆရာတော်ကြီး၏ ဆုံးမသည့်စကားနှင့်အညီ ခက်ခက်ခဲခဲဖြစ်တည်လာခဲ့ရသည့် လူ့ဘောင်၊ လူ့လောကကြီးတွင် မြတ်ဗုဒ္ဓ၏ သာသနာနှင့်လည်း ကြုံကြိုက်နေစဉ် စွမ်းဆောင်နိုင်သည့် ခွန်အားရှိပါလျက် သံသရာရေလျှဉ်ကြောမှာ အရှုံးနှင့် မမျောရလေအောင် 'ဘဝခန္ဓာရရှိလာ အများအကျိုးဆောင်လိုက်ပါ'ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ပြုပြီး မကောင်းသောစိတ်ဆိုး၊ စိတ်မိုက်တို့ကို ပယ်ထုတ်၍ ကောင်းမြတ်သောစိတ်ဘဝင်၊ ကြည်လင်သော မေတ္တာတရားအစဉ်ထာဝရထား၍ စေတနာစိတ်ထား သည်းခံမှုများဖြင့် 'ပရောပကာရ ရတ္တံ မတ္တံ သရီဒံ'ဆိုသည့်အတိုင်း၊ 'ဣဒံသရီဒံ-ဤခန္ဓာကိုယ်ကြီးသည်၊ ပရောပကာရာရ ရတ္တံ-သူတစ်ပါး၏ ကောင်းကျိုးများအတွက် ဆောင်ရွက်ခြင်းအလို့ငှာသာလျှင်၊ ဟောတု-ဖြစ်ပါစေ'ဟု သန္နိဋ္ဌာန်ချ၍ 'ပရဟိတ' အစားစား ဆောင်ရွက်စရာများကို စွမ်းအားရှိသမျှ လုပ်ဆောင်သွားကြစေလိုပါသည်။ အချုပ်ဆိုရသော် ယခုအခါ သဘာဝဘေးဒဏ်ကြောင့် အနေခက်နေကြသူ မြန်မာပြည် တိုင်းသားဆွေမျိုးများကို ဘေးဒုက္ခမှ ကင်းဝေးကြစေရန် တစ်နိုင်တစ်ပိုင် စွမ်းနိုင်သမျှ ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် စောင့်ရှောက်နိုင်ကြစေကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

"ပရဟိတဆိုတာ စာတတ်ပါမှ လုပ်နိုင်တာ မဟုတ်ပါဘူး။ စာနာတတ်သည့်သူတိုင်း လုပ်လို့ရသည့် လုပ်ငန်းပါ။ ပရဟိတဆိုတာ ပြည့်စုံနေလို့ လုပ်တာမဟုတ်ပါဘူး။ လိုအပ်နေမှန်းသိလို့ လုပ်တာပါ။ ပရဟိတဆိုတာ တာဝန်အရ လုပ်တာမျိုး မဟုတ်ပါဘူး။ တာဝန်သိစိတ်ရှိသူများသာ လုပ်ဆောင်နိုင်တာပါ"ဟု ဆိုပါသည်။ အချို့ကလည်း "ပရဟိတဆိုတာ နာမည်ရချင်လို့ လုပ်တာမဟုတ်ပါဘူး။ လုပ်ဆောင်ရင်းဖြင့် နာမည်ရလာတာပါ"စသည်ဖြင့် ပရဟိတအကြောင်း ဝေဆာစွာ ပြောကြသည်။ ကိုယ်ကျိုးစွန့်၍ လုပ်ဆောင်ပေးခြင်းသည်သာ "ပရဟိတ"စစ်စစ် ဖြစ်ပါသည်။

**မန်းမြေမှ ပန်းသပြေ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းနှင့် မူဆယ်မြို့တို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေ ဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၅၀၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်သူများ နေထိုင် အသုံးပြုလျက်ရှိသည့် အိပ်ဆောင် သုံးလုံး၊ အလုပ်ရုံ နှစ်လုံး၊ စားသောက်ခန်း တစ်လုံး၊ မီးဖိုဆောင် နှစ်လုံးနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံ ၁၅ လုံးတို့ကို ရှာဖွေဖော်ထုတ် တွေ့ရှိခဲ့ပြီး ၎င်းအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၀၀၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂၁ ဦးတို့အား All in One ကွန်ပျူတာ နှစ်လုံး၊ Desktop ကွန်ပျူတာ တစ်စုံ၊ Laptop ၂၁ လုံး၊ ဖုန်းမျိုးစုံ ၁၁၈ လုံး၊ Starlink ၁၆ ခု၊ Wireless Router ၁၃ လုံး၊ မီးစက် နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရုတ်နိုင်ငံသားများအား တွေ့ရစဉ်။

ထို့ပြင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန်ဝိန်းနယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်သူများ ရောက်ရှိနေကြောင်း သတင်းအရ ယနေ့ညနေပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မန်ဝိန်းနယ်မြေအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးအား ဖုန်းမျိုးစုံ ၃၆ လုံး၊ ကွန်ပျူတာ ၂၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မြန်မာနိုင်ငံသား အမျိုးသားများကို တွေ့ရစဉ်။



မြန်မာနိုင်ငံသား အမျိုးသမီးများကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို တွေ့ရစဉ်။



All in one နှစ်လုံး၊ Desktop တစ်စုံနှင့် Laptop ၂၁ လုံးကို တွေ့ရစဉ်။



Wireless Router ၁၃ လုံးကို တွေ့ရစဉ်။



ဖုန်းမျိုးစုံ ၁၁၈ လုံးကို တွေ့ရစဉ်။



မီးဖိုဆောင်ကို တွေ့ရစဉ်။



အလုပ်ရုံကို တွေ့ရစဉ်။



မီးစက်နှစ်လုံးကို တွေ့ရစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA၊ KPDF နှင့် PDF အမည်ခံအဖွဲ့ဝင် ရှစ်ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA၊ KPDF နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ရှစ်ဦးတို့သည် လက်နက်ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံ ဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ KPDF အဖွဲ့ဝင် အမျိုးသား တစ်ဦး နှင့် PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ခြောက်ဦး စုစုပေါင်း အမျိုးသား ရှစ်ဦး တို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူက အမှာစကား ပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် တစ်လက်၊ MA-4 သေနတ် တစ်လက်၊ M-22 သေနတ် တစ်လက်၊ K-25 လောင်ချာ နှစ်လက်၊ K-25 သေနတ် တစ်လက်၊ M-23 စက်လတ် တစ်လက်၊ M-80 တရုတ်စက်လက် တစ်လက်၊ Type-81 သေနတ် တစ်လက်၊ MG-1 လက်ပစ်ဗုံး တစ်လုံး၊ ၄၀ မမဗုံးသီး ၁၀ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၆ တောင့်၊ ၇ ဒသမ ၆၂ မမကျည် ၄၀၅ တောင့်၊ ကျည်ခါးပတ်တွဲ တစ်ခု၊ ကျည်အိမ် မျိုးစုံ ၁၅ ခုနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ စက်လတ်နှစ်လက်အတွက်ငွေကျပ် သိန်း ၁၀၀၊ MA-4 တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ K-25 လောင်ချာ နှစ်လက်အတွက် ငွေကျပ် သိန်း ၁၅၀၊ MG-1 လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၅၂၈ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ် ၆၀၈ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်း အပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။



အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြား ဆက်ဆံမှုနှင့် အဆင့်အတန်း ခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင် ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင် အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ရွှေမျှောလုပ်နေရင်းနဲ့ ပေါ်တာ အဆွဲခံရတာဖြစ်ပါတယ်။ ဆွဲတာ က KIA တွေ ဆွဲတာ၊ အဲဒါပြီးတော့ ကျွန်တော့်ကို သင်တန်းကုန်းကို ပို့တယ်။ ကျွန်တော်တို့အရှေ့မှာ နေရတာတွေက PDF တွေချည်းပဲ နေရတာ။ KIA တွေက အနောက် မှာပဲ နေတာ။ အရှေ့မှာနေတဲ့ PDF လူငယ်တွေ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရှေ့မှာ တာဝန်ထမ်းဆောင်တဲ့ လူတွေက ကျည်ကာမပါ ဘာမပါနဲ့ ဒီတိုင်း သေနတ်တစ်လက်နဲ့သူတို့ပေးတဲ့ ကျည်ဆန်နဲ့ အရှေ့မှာ စစ်တိုက်ခိုင်း



တယ်။ အနောက်မှာနေတဲ့ KIA တွေတော့ ကျည်ကာ Equipment အပြည့်အစုံနဲ့ နေရတာဗျ။ ပြီးတော့ ရပ်ရွာနေရာမှာပဲ သူတို့ အုပ်ချုပ်တယ်၊ အခွန်တွေ ကောက်တယ်။ သူတို့ကျတော့ အနောက် ကျည်လွှတ် မြေမှာပဲ သူတို့နေကြတယ်။ ဘာဖြစ်လိုလဲဆိုတော့ သူတို့က ပြည်သူ့ကာကွယ်ရေးနဲ့ ပေါင်းတယ်ဆိုပြီးမှ သူတို့နာမည်ခံ မှတ်ယူတာ။ ရွာထဲမှာ ရပ်ထဲမှာ ကျရင် အိမ်ပိတ်ထားတဲ့ဟာတွေ ဆိုရင် အိမ်တွေကို ဖောက်တယ်။ အဲဒီမှာရှိတဲ့ သယံဇာတတွေ တစ်ခုခုပေါ့ တန်ကြေးရှိတဲ့ဟာ တွေ၊ နောက်ဆုံး ကျွန်တော် မြင်ခဲ့တာ ပြောရမယ်ဆိုရင်တော့ စက်ချုပ်တဲ့ အပ်ချုပ်စက်တွေက အစ၊ ပန်းအိုးတွေ အဲဒါတွေကအစ သူတို့ယူတယ် သိမ်းတယ်၊ ပရိဘောဂပစ္စည်းတွေ သူတို့မှာ မရှိတဲ့ဟာတွေ ယူတယ်။ အလင်းဝင်ရောက်လာတဲ့ အချိန်မှာ အစောကတော့ ကျွန်တော်တို့ ကြောက်ခဲ့တာပေါ့၊ တပ်မတော်ဘက်က အန္တရာယ်ပြုမှာတို့၊ ထောင်ချမှာတို့၊ သတ်ဖြတ်မှာတို့ ထင်ခဲ့တာ။ တကယ်တော့ အဲဒီလိုမျိုး မဟုတ်ဘူး၊ ဒီရောက်တော့ တကယ့် ညီအစ်ကိုရင်းချာလိုပဲ၊ ဝေးကွာခဲ့တဲ့ မိသားစုကို ပြန်ပြီး ဆုံတွေ့ရသလို ပျော်ပျော်ပါးပါးနဲ့ အဲဒီလိုမျိုး ကြိုဆိုတယ်။ ညီအစ်ကိုတွေ အမြန်ဆုံးလာခဲ့ပါ၊ အမြန်ဆုံး အလင်းဝင်လာခဲ့ပါ။ တပ်မတော်က နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ လက်ဖျားနဲ့တောင်မှ မတို့ပါဘူး။ နွေးနွေးထွေးထွေးနဲ့ ကောင်းကောင်းမွန်မွန် ထားပြီးတော့ ကျွေးမွေးတယ်။ အဲဒါပြီးရင် ကျွန်တော့် မိဘရပ်ထံကို အပ်နှံပေးတယ်။ ပြီးတော့ ရိုက်နှက်တာ ဘာမှ မရှိပါဘူး။

၂။ "PDF အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးလှုံ့ဆော်မှုကို နားယောင်မိပြီးတော့ PDF အကြမ်းဖက်အဖွဲ့အစည်းဆီကို ရောက်ရှိခဲ့ပါတယ်။ သင်တန်းကာလမှာလည်း ကျွန်တော်တို့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပါတယ်။ ရဲမေတွေအပေါ်ကိုလည်း ထိကပါးရိကပါးတွေနဲ့လည်း ဆက်ဆံကြပါတယ်။ အချို့ရဲဘော်တွေဆိုရင် မနေချင်လို့ ထွက်ပြေးတယ်ဆိုရင် ပြန်လည် ခုခံတယ်ဆိုရင် သေနတ်နဲ့ ပစ်ခတ်တာတွေလည်းရှိသလို၊ နောက်ပြန်ကြိုးနဲ့ တုပ်ဖမ်းတာတွေလည်း ရှိပါတယ်။ အချို့ ခေါင်းဆောင်တွေဆိုရင် ရဲဘော်တွေ ခံစားခွင့်တောင်မှ ဘာမှမပေးဘဲနဲ့ သူတို့ရှိမယ့် ပိုက်ဆံကို သူတို့အိတ်ထဲထည့်တာတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ကို KIA အသုံးချခံဆိုပြီးတော့မှ အဲဒီလိုပုံစံမျိုးနဲ့ ကျွန်တော်တို့ကို ပစ်ထားပါတယ်။ ကျွန်တော်တို့က လာပြီးတော့ အသက်စတေးရတာ



နဲ့လည်း တူတယ်။ ဒါကြောင့် ကျွန်တော်ကလည်း အစကတည်းက မနေလည်းမနေချင်ဘူးဆိုတော့ နီးစပ်ရာ တပ်စခန်းကို ဆက်သွယ်ပြီး လက်နက်ချပြီးမှ အလင်းဝင်ခဲ့ပါတယ်။ အလင်းဝင်တဲ့ အချိန်လည်း သက်ဆိုင်ရာဌာနသီးသီးကလည်း မိသားစုလို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ကို အကောင်းဆုံးလည်း အစားအသောက်၊နေရေးထိုင်ရေးအားလုံး ကျန်းမာရေးကအစ အကုန်လုံး သူတို့ ပြည့်စုံစွာထားပါတယ်။ တပ်မတော်ထံကို အလင်းဝင်ခဲ့ဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။"

သတင်းစဉ်

■

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-


(က) မြန်မာနိုင်ငံအပါအဝင် အာဆီယံမြောက်ပိုင်းဒေသဖြစ်သည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစ၍ Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု သတိပေးချက်အဆင့် (၃) (Alert Level 3) အခြေအနေသို့ စတင်ရောက်ရှိပြီဖြစ်ပါကြောင်း၊

(ခ) မဲခေါင်ဒေသတွင် ခြောက်သွေ့ရာသီဥတု ဆက်လက်ဖြစ်ပေါ်နေပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှုအခြေအနေသည် ပိုမိုများပြားလာနိုင်ပါကြောင်း၊

(ဂ) NOAA-20 ဂြိုဟ်တုမှ စောင့်ကြည့်လေ့လာမှုအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် မဲခေါင်ဒေသအတွင်း Fire Hotspot ၂၈၀၆ ခုနှင့် ၃၁၃၉ ခု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိပြီး မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် နေရာအနှံ့အပြား၌ တွေ့ရှိရပါကြောင်း၊

(ဃ) မဲခေါင်ဒေသခွဲတွင် အလယ်အလတ်မှ သိပ်သည်းသည့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများကို လေ့လာတွေ့ရှိခဲ့ပါကြောင်း၊

(င) လာမည့်သီတင်းပတ်များအတွင်း မဲခေါင်ဒေသခွဲ၏ နေရာအများစုတွင် မိုးခေါင်သောအခြေအနေများ ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားပြီး လေတိုက်ခတ်မှုများသည် အများအားဖြင့် တောင်ဘက် သို့မဟုတ် အနောက်တောင်ဘက်မှ တိုက်ခတ်မည်ဟု ခန့်မှန်းထားပါကြောင်း၊ Fire Hotspot များနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလည်း ပိုမိုဆိုးရွားလာနိုင်ပြီး မဲခေါင်ဒေသအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအန္တရာယ်မှာ ပိုမိုမြင့်တက်လာနိုင်ပါကြောင်း ခန့်မှန်းထားပါသည်။




၂။ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution-AATHP) တွင် ၂၀၀၃ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါသဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ်တွင် မီးခိုးမြူငွေ့ကင်းစင်သော အာဆီယံဖြစ်စေရေး မျှော်မှန်းချက်ဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံ (၂၀၂၃-၂၀၃၀) ကိုလည်းကောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများအတွက် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရမည့် အညွှန်းကိန်းများသတ်မှတ်၍ ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကိုလည်းကောင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၃ ခုနှစ် ဧပြီလ ၇ ရက်နေ့၌ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ခေါင်းဆောင်များအကြား ဆွေးနွေးခဲ့သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ (၃) နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် (Joint Plan of Action – CLEAR Sky Strategy) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံတွင် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် နိုင်ငံအဆင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် လုပ်ငန်းအဖွဲ့များကို အဆင့်အလိုက်ဖွဲ့စည်းပြီး မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ၂၀၂၅ ခုနှစ်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ခရိုင်အဆင့် (၈၅) ဖွဲ့၊ မြို့နယ်အဆင့် (၂၂၀) ဖွဲ့ ဖွဲ့စည်းကာ Fire Hotspot များကို မြေပြင်တွင် ဖြစ်ပေါ်မှု ရှိ/ မရှိ စစ်ဆေးပြီး မီးလောင်မှုဖြစ်ပေါ်သည့် နေရာများတွင် ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot အခြေအနေများအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် Talk show များကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ပြည်သူများအနေဖြင့်လည်း စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းမပြုလုပ်ဘဲ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးကဏ္ဍတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု
တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

# တောင်ကြီးမြို့၊ ထန်းတပင်မြို့နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား အဆိုပါကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈၂ ပါးအား အရိုးအကြောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက်၌ အခြေပြု၍လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ မြို့လယ်ဆူးခါးကျောင်းတိုက်ရှိ သံဃာတော် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့အား အဆိုပါ ကျောင်းတိုက်ရှိဓမ္မာရုံ၌ အခြေပြု၍လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ပြင်သစ်သင်္ဘော၊ အိုမန်ဆီသင်္ဘော သုံးစင်းနှင့် ဂျပန်သင်္ဘော ဟော်မုဇ်ရေလက်ကြားကို ဘေးကင်းစွာ ဖြတ်သန်းခဲ့ကြ



**ပဲရစ် ဧပြီ ၄**

ပြင်သစ်ပိုင် ကုန်သေတ္တာတင်သင်္ဘောတစ်စင်း၊ အိုမန်နိုင်ငံနှင့် ဆက်နွယ်မှုရှိသည့် ဆီတင်သင်္ဘောသုံးစင်းနှင့် ဂျပန်ပိုင် ဓာတ်ငွေ့တင်သင်္ဘောတစ်စင်းတို့သည် အငြင်းပွားဖွယ်ရာ ဟော်မုဇ်ရေလက်ကြားကို ယမန်နေ့က ဘေးကင်းစွာ ဖြတ်သန်းခဲ့ကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံက အဆိုပါရေလက်ကြားကို ထိရောက်စွာ ပိတ်ဆို့လိုက်ပြီးနောက်ပိုင်း ပြင်သစ်သင်္ဘောလိုင်းကြီးဖြစ်သော စီအမ်အေစီဂျီအမ်ပိုင် ကုန်သေတ္တာတင်သင်္ဘောသည် ယင်းရေလက်ကြားကို ပထမဆုံးအကြိမ် ဖြတ်သန်းသွားသည့် အနောက်နိုင်ငံပိုင်ရေယာဉ်ဖြစ်ကြောင်း မရိန်းထရက်ဖစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မော်လ်တာနိုင်ငံအလံ လွှင့်ထူထားပြီး စီအမ်အေစီဂျီအမ်ကုမ္ပဏီပိုင်ဆိုင်သည့် ကရီဘီသင်္ဘောသည် ဧပြီ ၂ ရက်နေ့တွင် ရေလက်ကြားကို ဖြတ်ကျော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်္ဘောသည် အိုမန်ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက်သို့ ဦးတည်ခုတ်မောင်းခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

### ကမ္ဘာမြေ၏ ပထမဆုံးကြည်လင်ပြတ်သားသော ပုံရိပ်များ အာတီမစ် ၂ အာကာသယာဉ်အဖွဲ့သားများ ရိုက်ကူးပေးပို့



**ဝါရှင်တန် ဧပြီ ၄**

အာတီမစ် ၂ အာကာသယာဉ်အဖွဲ့သားများသည် ကမ္ဘာနှင့် လကြား တစ်ဝက်ခရီးအကွာအဝေးသို့ ရောက်ရှိချိန်တွင် ရိုက်ကူးထားသည့် ကမ္ဘာမြေ၏ ပထမဆုံး အထူးကြည်လင်ပြတ်သားသော ပုံရိပ်များကို နာဆာက မျှဝေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အာကာသယာဉ်အဖွဲ့သားများသည် လကမ္ဘာဆီသို့ ဦးတည်သွားမည့် ပတ်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် နောက်ဆုံးအကြိမ် အင်ဂျင်စက်နှိုးမှုကို လုပ်ဆောင်ပြီးနောက် မစ်ရှင်၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ရိဒ်ဝိုက်ဇ်မန်းက ယင်းအံ့မခန်းဖွယ် ပုံရိပ်များကို ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု နာဆာက ဆိုသည်။

ဗြိတိန်စံတော်ချိန် နံနက် ၇ နာရီခန့်တွင် နာဆာ၏ အွန်လိုင်းဒိုင်ခွက်ပြသချက်အရ အိုရိုင်ယွန်အာကာသယာဉ်သည် ကမ္ဘာမြေမှ မိုင်ပေါင်း ၁၄၂၀၀၀(ကီလိုမီတာ ၂၂၈၅၀၀)အကွာနှင့် လကမ္ဘာမှ မိုင်ပေါင်း ၁၃၂၀၀၀ အကွာတွင် ရောက်ရှိနေသည်။

အာကာသယာဉ် ပစ်လွှတ်ပြီး နှစ်ရက်၊ ငါးနာရီနှင့် ၂၄ မိနစ်ခန့်အကြာတွင် ယခုကဲ့သို့ မှတ်တိုင်တစ်ခုကို ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ထိုသို့ရောက်ရှိကြောင်း အကြောင်းကြားချက်ကို ရရှိချိန်တွင် အဖွဲ့သားအားလုံး ဝမ်းမြောက်ပျော်ရွှင်နေကြသည်ဟု အာကာသယာဉ်မှူး ခရစ္စတီးနားကော့ချ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## တောင်အာဖရိက မြောက်ဘက်အကျဆုံး လင်ပိုပိုပြည်နယ်၌ ဇီဝမျိုးစုံမျိုးကွဲများနှင့် စစ်မှန်သောယဉ်ကျေးမှုများ စုံလင်



**ကိပ်တောင်း ဧပြီ ၄**

ကမ္ဘာလှည့်ခရီးသွားများသည် ရေရှည်တည်တံ့ပြီး အဓိပ္ပာယ်ရှိသော ခရီးစဉ်များကို ရှာဖွေလာကြရာ တောင်အာဖရိကနိုင်ငံ၏ မြောက်ဘက်အကျဆုံးဖြစ်သော လင်ပိုပိုပြည်နယ်သည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သော ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများကို ပေါင်းစပ်ပေးသည့် ခရီးစဉ်တစ်ခုအဖြစ် ပေါ်ထွက်လာနေကြောင်း သိရသည်။

ရှေးဟောင်းသစ်ပင်ကြီးများ ကျယ်ပြောသော မိုးကုတ်စက်ဝိုင်းအထိရှိနေပြီး တောရိုင်းတိရစ္ဆာန်များ လွတ်လပ်စွာ ကျက်စားနေသည့် ဤဒေသတွင် ဂေဟစနစ်ခရီးသွားလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းအပေါ် အခြေခံထားသော လူမှုဘဝပုံစံတစ်ရပ် ဖြစ်သည်။

လာရောက်လည်ပတ်သူများသည် ရှေးဦးသဘာဝတောရိုင်းဒေသများကို လေ့လာခြင်းမှသည် မျိုးဆက်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည့် ဒေသခံယဉ်ကျေးမှု ဓလေ့ထုံးတမ်းများတွင် ပါဝင်ဆင်နွှဲခြင်းအထိ သာမန်တောရိုင်းတိရစ္ဆာန်ကြည့်ရှုခြင်းထက် ပိုမိုထူးကဲသော အတွေ့အကြုံများကို ရရှိကြသည်။

ထိုပြည်နယ်၏ ကြွယ်ဝသော သဘာဝအမွေအနှစ်များနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအပေါ် ကတိကဝတ်ပြုထားမှုများကြောင့် လင်ပိုပိုပြည်နယ်သည် ထိပ်တန်းဂေဟစနစ် ခရီးသွားဒေသတစ်ခုအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0



## စာနာထောက်ထားမှုနှင့် အချုပ်အခြာအာဏာ ပြေလျှော့မှုအရ ကျူးဘားအစိုးရက အကျဉ်းသားများကို စတင်လွှတ်ပေး

**ဟာဗားနား ဧပြီ ၄**

အမေရိကန်၏ ဆက်တိုက်ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရချိန်တွင် ကျူးဘားအစိုးရက လူသားချင်းစာနာထောက်ထားမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုင်ရာ ပြေလျှော့မှုတစ်ရပ်အနေဖြင့် အကျဉ်းသား ၂၀၁၀ ဦးကို ပြန်လည်လွှတ်ပေးမည်ဟု ပြောကြားခဲ့ပြီးနောက် ယခုအခါ အကျဉ်းသားများကို စတင်လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ဟာဗားနားမြို့အရှေ့ဘက်ရှိ လာလီမာအကျဉ်းထောင်မှ အကျဉ်းသား ၂၀ ကျော် ပြန်လည်လွှတ်မြောက်လာခဲ့ရာ ဆွေမျိုးသားချင်းများသည် ၄င်းတို့ကို နံနက်စောစောပိုင်းကတည်းက စောင့်ကြိုနေခဲ့ကြသည်။

ပြန်လည်လွှတ်မြောက်လာသူများထဲတွင် နိုင်ငံခြားသားများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် အသက် ၆၀ ကျော်အရွယ်ရှိသူများ ပါဝင်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ ကျူးဘားသံရုံးက ယခင်သီတင်းပတ်နှောင်းပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

**Mon**

0-0-0-0-0

## အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် တောမီးငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ခဲယဉ်းစွာ ကြိုးပမ်းနေရ

**ဝါရှင်တန် ဧပြီ ၄**



အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် မီးခိုးများ ထူထပ်ကာ လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသည့် တောမီးကို ငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ခဲယဉ်းစွာကြိုးပမ်းနေရပြီး ဒေသခံအချို့မှာ နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကာ ကောလိပ်ကျောင်းတစ်ခုကိုလည်း ယာယီပိတ်ထားခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စပရင်းစ်ဟု အမည်ပေးထားသည့် အဆိုပါတောမီးသည် ဧပြီ ၃ ရက် နံနက် ၁၁ နာရီခန့်တွင် စတင်တောက်လောင်ခဲ့ခြင်းဖြစ်ပြီး ညနေပိုင်းတွင် ၆ ဒသမ ၅ စတုရန်းမိုင်(၁၆ ဒသမ ၈ စတုရန်းကီလိုမီတာ)ခန့်အထိ ပျံ့နှံ့သွားသည်။

ရစ်ဗာဆိုက်ခရိုင်၊ မိုရီနို တောင်ကြား အရှေ့ဘက်တွင် လောင်ကျွမ်းနေသည့် အဆိုပါမီးလောင်မှု၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ရဟတ်ယာဉ်များ၊ မီးသတ်ကားများနှင့် ရေသယ်ယာဉ်များကို အသုံးပြုကာ လူပေါင်းရာနှင့်ချီ၍ မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ကြပြီး ယမန်နေ့ညပိုင်းတွင် မီးလောင်မှုကို စတင်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Mon**

## အာဖဂန်နစ္စတန်၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်၊ နေအိမ်ပြိုကျ၊ ရှစ်ဦးသေဆုံး၊ ကလေးငယ်တစ်ဦးသာ အသက်ရှင်

**ကဘူးလ် ဧပြီ ၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် ယမန်နေ့က ငလျင်လှုပ်ခဲ့ရာ ကဘူးလ်ပြည်နယ် ဂိုစဖန်ဒါရာဒေသရှိ နေအိမ်တစ်လုံး ပြိုကျပျက်စီးမှုကြောင့် မိသားစုဝင် ရှစ်ဦးသေဆုံးကာ အသက် နှစ်နှစ်ခန့်အရွယ်ရှိ ကလေးငယ်တစ်ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြင်းအားပမာဏ ၅ ဒသမ ၈ အဆင့်ရှိ အဆိုပါငလျင်သည် ဒေသစံတော်ချိန် ဧပြီ ၃ရက် ည ၈ နာရီ ၄၂ မိနစ်တွင် အနက် ၁၈၆ ကီလိုမီတာ (၁၁၅ မိုင်)ကို ဗဟိုပြု၍ လှုပ်ခဲ့ပြီး ငလျင်ဗဟိုချက်မှာ အရှေ့မြောက်ပိုင်းရှိ ဘာဒက်ရှန်ပြည်နယ်တွင်ဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ထုတ်ပြန်သည်။

ကဘူးလ်မြို့တော်သည် ငလျင်ဗဟိုချက်၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၉၀ (၁၈၀ မိုင်)ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0




## သောမတ်စ်ခရစ္စတန်ဆန်ကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်များ စိတ်ဝင်စား



**တူရင် ဧပြီ ၄**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် နော်တင်ဟမ်ဖောရက်စ် အသင်းတို့သည် အူဒီးနိစ်အသင်း နောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အူဒီးနိစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၇၁ ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အူဒီးနိစ်အသင်းကလည်း နောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ အနေဖြင့် မည်သည့်အသင်းက အူဒီးနိစ်အသင်းထံမှ သောမတ်စ်ခရစ္စတန်ဆန်အား ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ရိုဒရီအား စာချုပ်သက်တမ်းတိုးရန် မန်စီးတီးအသင်း ကမ်းလှမ်း

**လန်ဒန် ဧပြီ ၄**

မန်စီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ရိုဒရီအား စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန်



စိတ်ဝင်စားနေခြင်းကြောင့် မန်စီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၃ ပွဲကစားပြီး ၂၈ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

မန်စီးတီးအသင်း၏ထုတ်ပြန်ချက်တွင် 'ရိုဒရီကို စာချုပ်သက်တမ်းတိုးဖို့ ကမ်းလှမ်းထားပါပြီ။သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**

## ဟယ်ရီကိန်း ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တတစ်ပတ်ခန့် အနားယူရဖွယ်ရှိ

**မြူးနစ် ဧပြီ ၄**

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူးဟယ်ရီကိန်းသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တတစ်ပတ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ်များ သွားရောက်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကလပ်အသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး ၄၈ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။



**(အပေါ်ပုံ)**

**(NGB)**

0-0-0-0-0

## စီရော်နယ်လ်ဒို ကစားသမားဘဝ ဆော်ဒီပရိုလိဂ် ပွဲ ၁၀၀ ပြည့်မြောက်

**လန်ဒန် ဧပြီ ၄**

အယ်လ်နာဆာအသင်း တိုက်စစ်မှူးစီရော်နယ်လ်ဒိုသည် ကစားသမားဘဝ ဆော်ဒီပရိုလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီပရိုလိဂ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက အယ်လ်နိုင်မာအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ



ဆော်ဒီပရိုလိဂ် ပွဲပေါင်း ၁၀၀ ကစားကာ ၉၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၄၁)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက 'ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လာမယ့်ပွဲစဉ်တိုင်းကိုလည်း အသင်းနဲ့အတူ ဆက်လက်ပါဝင်ကစားပြီး အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်'ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

## 2026 Credit One Charleston Open
## တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Iva Jovic တက်ရောက်

**ဝါရှင်တန် ဧပြီ ၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ် Iva Jovic တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Iva Jovic သည် 2026 Credit One Charleston Open တင်းနစ်ပြိုင် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Anna Kalinskaya အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Credit One Charleston Open တင်းနစ်ပြိုင် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Iva Jovic နှင့် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Jessica Pegula တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၄-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၇)ခရီမိုနီစီ -<br>(L,L,L,L,W) | ဘိုလော့ဂ်နာ(၉)<br>(L,D,W,W,L) | ခရီမိုနီစီ ၁-၅ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၁-၁ ခရီမိုနီစီ |
| ၅-၄-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၂၀)ပီဆာ -<br>(L,L,L,W,L) | တိုရီနို(၁၄)<br>(L,W,L,W,L) | ———— |
| ၆-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၁)အင်တာမီလန် -<br>(W,D,L,D,D) | ရိုးမား(၆)<br>(L,D,L,L,W) | အင်တာမီလန် ၀-၁ ရိုးမား<br>ရိုးမား ၀-၁ အင်တာမီလန် |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၄-၂၀၂၆<br>ည ၈း၀၀ နာရီ | (၉) ယူနီယံဘာလင် -<br>(W,L,L,W,L) | စိန့်ပေါလီ(၁၆)<br>(W,W,D,L,L) | ယူနီယံဘာလင် ၁-၀ စိန့်ပေါလီ<br>စိန့်ပေါလီ ၃-၀ ယူနီယံဘာလင် |
| ၅-၄-၂၀၂၆<br>ည ၁၀း၀၀ နာရီ | (၇)ဖရန့်ဖတ် -<br>(L,W,D,W,L) | ကိုလုံး(၁၅)<br>(D,L,L,D,D) | ဖရန့်ဖတ် ၁-၁ ကိုလုံး<br>ကိုလုံး ၂-၀ ဖရန့်ဖတ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၄-၂၀၂၆<br>ညနေ ၆း၃၀ နာရီ | (၈)ဂီတာဖေး -<br>(L,W,W,L,W) | ဘီလ်ဘာအို(၉)<br>(D,L,L,L,W) | ဂီတာဖေး ၀-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၁ ဂီတာဖေး |
| ၅-၄-၂၀၂၆<br>ည ၈း၄၅ နာရီ | (၁၂)ဗလင်စီယာ -<br>(L,W,W,L,W) | ဆဲလ်တာဗီဂို(၆)<br>(L,D,D,W,L) | ဗလင်စီယာ ၂-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၃-၁ ဗလင်စီယာ |
| ၅-၄-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၂၀)အိုဗီဒို -<br>(L,L,D,W,L) | ဆီဗီလာ(၁၅)<br>(W,D,D,L,L) | ———— |
| ၆-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၆)အလာဗက်စ် -<br>(D,L,L,D,W) | အိုဆာဆူနာ(၁၀)<br>(W,L,D,L,W) | အလာဗက်စ် ၁-၁ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၂ အလာဗက်စ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၄-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၂) အန်းဂါးစ် -<br>(L,L,W,L,L) | လိုင်ယွန်(၄)<br>(D,D,D,L,L) | အန်းဂါးစ် ၀-၃ လိုင်ယွန်<br>လိုင်ယွန် ၂-၀ အန်းဂါးစ် |
| ၅-၄-၂၀၂၆<br>ည ၉း၄၅ နာရီ | (၁၄)လီဟာဗာ -<br>(L,L,L,D,L) | အော်ဇေး(၁၆)<br>(L,D,D,L,W) | လီဟာဗာ ၃-၁ အော်ဇေး<br>အော်ဇေး ၁-၂ လီဟာဗာ |
| ။ | (၁၀)လိုရီယန့် -<br>(D,L,D,W,L) | ပါရီ(၁၃)<br>(D,W,D,D,W) | လိုရီယန့် ၂-၀ ပါရီ<br>ပါရီ ၃-၂ လိုရီယန့် |
| ။ | (၁၈)မက်ဇ် -<br>(L,L,L,L,D) | နန့်တက်စ်(၁၇)<br>(L,W,L,L,L) | မက်ဇ် ၃-၁ နန့်တက်စ်<br>နန့်တက်စ် ၀-၂ မက်ဇ် |
| ၆-၄-၂၀၂၆<br>နံနက်၀၁း၁၅ နာရီ | (၆)မိုနာကို -<br>(D,W,W,W,W) | မာဆေးလ်(၃)<br>(W,L,W,W,L) | မိုနာကို ၃-၀ မာဆေးလ်<br>မာဆေးလ် ၂-၁ မိုနာကို |

### အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၅-၄-၂၀၂၆<br>ည၁၀း၀၀ နာရီ | ဝက်စ်ဟမ်း -<br>(ပရီးမီးယားလိဂ်-၁၈) | လိဒ်စ်<br>(ပရီးမီးယားလိဂ်-၁၅) | ဝက်စ်ဟမ်း ၃-၁ လိဒ်စ်<br>လိဒ်စ် ၂-၁ ဝက်စ်ဟမ်း |

# ကန့်ဘလူမြို့၌ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကန့်ဘလူ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ကျင်းပနိုင်ရေး၊ ယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်အေးချမ်းစွာ ဆင်နွှဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူခရိုင် စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရေး၊ ယိမ်းအကအဖွဲ့များဖျော်ဖြေရေး၊ ရေရရှိရေး၊ စတုဒိသာကျွေးမွေးရေး၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မည့်အခြေအနေများ၊ သက်ကြီးဘိုးဘွားများ ကန်တော့ခြင်းနှင့် အဋ္ဌရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။



ကန့်ဘလူမြို့နယ်၌ ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခြင်း၊ ပွဲတော်ရက်အတွင်း စတုဒိသာအဖြစ် သင်္ကြန်ရိုးရာအစားအစာကျွေးမွေးခြင်း၊ ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် ဖျော်ဖြေဧည့်ခံခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် လျော့နည်းသော်လည်း အငှားဈေးကွက်ကောင်းနေ

**မန္တလေး ဧပြီ ၄**

မန္တလေးမြို့ရှိ အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်လုပ်ငန်းများ အနည်းငယ်ကျဆင်းနေသော်လည်း အငှားဈေးကွက်မှာ ကောင်းနေကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိအခြေအနေတွင် ကုမ္ပဏီများနှင့် အရောင်းဆိုင်များ ဖွင့်လှစ်ရန်အတွက် မြေနေရာကျယ်ဝန်းသည့် နေရာများကို အဓိက လိုအပ်နေပြီး ထိုနေရာများတွင် အငှားလိုအပ်ချက် မြင့်တက်လာနေသည်။ ထို့အပြင် လူနေဆိုင်ခန်းများအတွက်လည်း မြို့တွင်း အချက်အချာကျသည့်နေရာများတွင် ငှားရမ်းမှုများ ဆက်လက် တိုးတက်လျက်ရှိသည်။

အငှားဈေးနှုန်းများမှာ တဖြည်းဖြည်း မြင့်တက်လာနေသော်လည်း ငှားရမ်းလိုအား မကျဆင်းဘဲ တိုးတက်လာခြင်းကို တွေ့ရှိရသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ဆိုင်ခန်းဖွင့်လှစ်လိုသူများကြောင့် ငှားရမ်းမှုဈေးကွက် မြင့်တက်နေခြင်းဖြစ်သည်။

လက်ရှိတွင် ငှားရမ်းမှုအများဆုံးဖြစ်နေသည့် မြို့နယ်များမှာ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ဖြစ်ပြီး ထိုမြို့နယ်များတွင် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်မြင့်တက်နေသည်။

အခြားတစ်ဖက်တွင် အရောင်းအဝယ်ပိုင်း၌ မြေနေရာကျယ်ဝန်းသည့် စက်မှုဇုန်များနှင့် ဆက်စပ်နေရာများတွင် ဝယ်ယူမှုများ ပိုမိုဖြစ်ပေါ်နေပြီး ကျပ်သိန်းထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူနေသည်။

(အပေါ်ပုံ)

'အရောင်းပိုင်းက နည်းနည်းငြိမ်သွားပေမယ့် ငှားရမ်းမှုဘက်မှာတော့ ဆက်လက်တိုးလာနေပါတယ်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းတွေ ပြန်လည်လှုပ်ရှားလာတာကြောင့် နေရာကောင်းတွေမှာ ငှားရမ်းလိုအား ပိုများလာတာကို တွေ့ရပါတယ်'ဟု အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(မန္တလေးနေ့စဉ်-ဂ)**

# သောက်ရေသန့်လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

**ပျော်ဘွယ် ဧပြီ ၄**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်း သောက်ရေသန့်လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ အသိပညာ ဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များအား အသိပညာပေးဆွေးနွေးခြင်းကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

(ယာပုံ)

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့အောင်က အစားအစာနှင့် သောက်သုံးရေတို့သည် ကျန်းမာရေးအတွက် အဓိကကျသည့် ကဏ္ဍမှ ပါဝင်နေမှုအခြေအနေများ၊ ထုတ်လုပ်သူများအနေဖြင့် သန့်ရှင်းသော စားသောက်ကုန်ထုတ်လုပ်ရာတွင် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးမာန်သက်ဦးက သန့်ရှင်းသော သောက်ရေရရှိရေးအတွက် ရေအရင်းအမြစ်ရယူနည်းများ၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နေစဉ် လိုက်နာရမည့် အကြောင်းအရာများ၊ Online မှ လုပ်ငန်းလိုင်စင်လျှောက်ထားရယူနည်းများ၊ ကျန်းမာရေးဌာန၏ စစ်ဆေးမှုခံယူနိုင်သော၊ ထောက်ခံချက်ပေးနိုင်သော လုပ်ငန်းတစ်ခုဖြစ်စေရန် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ပင်တလည်ကျေးရွာတွင် ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပင်တလည်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်း စိုက်ပျိုးထားသော ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပန်းမုန်လာစိုက်တောင်သူများသည် မျှားနီတံဆိပ် ပန်းမုန်လာမျိုးများကို အဓိကထားစိုက်ပျိုးကြကြောင်းနှင့် တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးထုပ်ငါးထုပ် ဝယ်ယူပျိုးထောင်ရပြီး သန်မာသည့် ပျိုးပင်များရွေးချယ်၍ မြေပြုပြင်ထားသည့် စိုက်ခင်းတွင် ပြောင်းရွှေ့စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ မြေဆွခြင်း၊ ပေါင်းမြက်သန့်ရှင်းခြင်း၊ မြေသြဇာကျွေးခြင်း၊ ပိုးနှင်ဆေး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ရေသွင်းခြင်း စသည့် အထွေထွေကုန်ကျစရိတ်အနေဖြင့် စိုက်ခင်းတစ်ဧကတွင် ငွေကျပ် ၁၁ သိန်းမှ ၁၃ သိန်းခန့် ကုန်ကျကြောင်း ပန်းမုန်လာစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။



ပန်းမုန်လာသည် နုန်းမြေနုများတွင် ကောင်းစွာ ဖြစ်ထွန်းကြောင်း၊ ရေသွင်းရေထုတ် လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်၍ စိုက်ပျိုးရကြောင်းနှင့် စိုက်ခင်းတစ်ဧကတွင် အပင်အရေအတွက် တစ်သောင်းနှစ်ထောင်ခန့် စိုက်ပျိုးနိုင်ပြီး ရောင်းချသည့်အခါ ရောင်းတန်းဝင်အပင်အရေအတွက် ၈၀၀၀ ကျော် ၉၀၀၀ ခန့်သာ ခုတ်ယူရောင်းချရကြောင်း၊ ပန်းမုန်လာပွင့်တစ်ပွင့်လျှင် ငွေကျပ် ၄၂၀ နှုန်းဖြင့် ရောင်းချရသည့်အတွက် ပန်းမုန်လာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)

# အခြေခံပညာကျောင်းပေါင်းစုံ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက သင်တန်းဖွင့်လှစ်

**တာချီလိတ် ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ မြန်မာ့အနုပညာကို မြတ်နိုးပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အခြေခံပညာကျောင်းပေါင်းစုံ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအုပ်ချုပ်ရေးရုံးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်းလှက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

(အောက်ပုံ)

အဆိုပါ သင်တန်းတွင် အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းနည်းပြလေးဦးက ဒေဝဏ္ဏရာ၊ ဆုတောင်းပဋ္ဌာန၊ သုဝဏ္ဏသာမ တေးသီချင်းများ၊ အမျိုးသမီး ကဗျာလွတ်အက (ပထမဆင့်)တွင် ပါဝင်သော ခြေသင်တန်းကကွက် ၁၂ ကွက်၊ ခါးသင်တန်းကကွက် လေးကွက်၊ ခေါင်းသင်တန်းကကွက် လေးကွက်၊ လက်သင်တန်းကကွက် ငါးကွက်၊ ခေါင်း၊ ခါး၊ ခြေ၊လက်စုံကကွက် ၁၅ ကွက်၊ စုစုပေါင်းကကွက် အကွက် ၄၀ နှင့် အမျိုးသားကဗျာလွတ်အက ၁၇ ကွက်တို့ကို ဧပြီ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**





## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မောက်မယ် ဧပြီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်ရေးအဖွဲ့၊ စိုက်ပျိုးတောင်သူများ၊ စက်သုံးဆီလုပ်ငန်းရှင်များတို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မောက်မယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က စိုက်ပျိုးရေးကဏ္ဍတွင် စက်သုံးဆီလုံလောက်စွာရရှိရေး မြေပြင်စိုက်ပျိုးမည့် အမှန်ဧရိယာ စာရင်းများ၊ လယ်ယာသုံးစက်ကိရိယာစာရင်းများအား သက်ဆိုင်ရာဌာနများနှင့် သတ်မှတ်ချိန်အတွင်း ကောက်ယူစေရေး၊ တောမီးရှို့မှုနှင့် ပေါ့ဆမှုကြောင့် မီးလောင်မှုများမရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်စေရေး၊ သဘာဝရေထွက်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပြည်သူများက ပူးပေါင်းပါဝင်စောင့်ရှောက်စေရေးစသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများအား တစ်ဦးချင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျွန်းလှ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်သူများအား ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပထမရက် (၁၀၀) ကာလ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်များ ယမန်နေ့ နံနက်ပိုင်းက စတင်၍ ပိတောက်မြိုင်ရပ်ကွက်၊ မူလတန်းလွန်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကန့်ဘလူခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှု၊ ကျွန်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

(အပေါ်ပုံ) (၄၈၀)



## ဌာနဆိုင်ရာပေါင်းစုံနှင့် အသက်(၂၅)နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုးညှင်း ဧပြီ ၄**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာပေါင်းစုံနှင့် အသက်(၂၅)နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဖူဆယ်မိုးညှင်းအားကစားကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

ဗိုလ်လုပွဲစဉ်တွင် ညွန့်ပေါင်းအသင်းနှင့် Young Generation (YG)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Young Generation (YG) အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး တတိယလုပွဲတွင် လ·ဝ·ကအသင်းနှင့် လျှပ်စစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လ·ဝ·ကအသင်းက တတိယ ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တစ်ကိုယ်တော်ကစားသမား အကောင်းဆုံးဆုနှင့် ဂိုးသမားအကောင်းဆုံး ဆုများ အပါအဝင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရရှိကြသည့် အသင်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ပေါင်းစုံနှင့် အသက်(၂၅)နှစ်အောက်မှ စုစုပေါင်းအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀:၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိုင်းယောင်းမြို့၌ သွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ အသိပညာပေး

**မိုင်းယောင်း ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဧပြီ ၃ ရက် နံနက်ပိုင်းက 'အသက်ကယ်သည့် ကောင်းမှုကုသိုလ်' ခေါင်းစဉ်ဖြင့် သွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မိုင်းယောင်းမြို့ ကြက်ခြေနီအသင်းခွဲမှ တပ်ကြပ်ကြီး ထက်မြတ်ထွန်းနှင့် တပ်ဖွဲ့ဝင် မမြတ်နိုးနဒီတို့က မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင်လုံးတွင် သန့်စင်သည့်သွေးလိုအပ်နေသူ ပမာဏများနေပြီး သွေးရရှိနိုင်မှုမှာ နည်းပါးလျက်ရှိနေကြောင်း၊ သွေးလိုအပ်နေသူအတွက် သွေးလှူခြင်းသည် အသက်ကယ်ခြင်းဖြစ်ပြီး ဇီဝိတဒါနဖြစ်ကြောင်း၊ ထို့ကြောင့် သွေးလှူရှင်တစ်ယောက်၏ ပြည့်စုံရမည့် အချက်များဖြစ်သော အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်းရှိသူ အမျိုးသားကိုယ်အလေးချိန် ပေါင် ၁၁၀ အထက်၊ အမျိုးသမီးကိုယ်အလေးချိန် ပေါင် ၁၀၀ အထက်ရှိသူ၊ သွေးမလှူမီ အိပ်ရေးဝစွာ အိပ်စက်ထားသူ၊ အရက်သောက်သုံးခြင်း၊ လတ်တလော မွေးတာလာခြင်း မရှိသူ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် မဟုတ်သူ၊ လတ်တလော ရောဂါဝေဒနာမရှိသူ၊ လွန်ခဲ့သော ခြောက်လအတွင်း ဆေးမင်ကြောင်ထိုးခြင်း၊ နားဖောက်ခြင်း၊ အပ်စိုက်ကုထုံးခံယူထားခြင်း မရှိသူများအနေဖြင့် မိမိတို့၏ သန့်စင်သောသွေးကို လိုအပ်နေသူများအတွက် ပေးလှူကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စိုင်းအောင်ဇော်လင်း**



ဝတ္ထုတိုကဏ္ဍ

# အနားမညီသော တြိဂံများ

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

မောင်မောင်၊ ထွန်းဝင်းနှင့် ဝင့်ယမုံတို့မှာ သူငယ်ချင်းများဖြစ်ကြသည်။ အရွယ်အားဖြင့် ဆယ့်နှစ်နှစ်ဝန်းကျင်များ ဖြစ်ကြသည်။ မောင်မောင်တို့ သုံးယောက်စလုံးသည် ရွှေညောင်မြို့အစွန်ရှိ သုသာန်ဝင်းထဲတွင် နေထိုင်ကြလေသည်။ ဝင့်ယမုံတို့ သူငယ်ချင်းသုံးဦးတွင် သူသာလျှင် ကံကောင်းထောက်မစွာ ကျောင်းနေခွင့်ရလေသည်။ ဝင့်ယမုံမှာ မိဘနှစ်ပါးနှင့် ညီမငယ်လေး ရှိလေသည်။ ထွန်းဝင်းသည် အမေမရှိ အဖေနှင့်နေသည်။ မောင်မောင်သည် မိဘနှစ်ပါးစလုံးမရှိ ဦးလေးနှင့်နေသည်။ ဝင့်ယမုံတို့ သုံးဦးသည် ကျောင်းပိတ်ရက်များတွင် ရွှေညောင်မြို့အနှံ့ ရေသန့်ဘူးခွံများကိုလိုက်၍ ကောက်ရသည်။ ဝင့်ယမုံတို့၏ မိဘများသည် သုသာန်၌နာရေးကိစ္စများရှိလျှင် ကူညီလုပ်ကိုင်ကြရသည်။ နာရေးရှင်များက မုန့်များ၊ အချိုရည်များ၊ မုန့်ဖိုးပိုက်ဆံများပေးသွားလျှင် ကလေးသဘာဝ သူငယ်ချင်းများနှင့် ပျော်ရွှင်စွာ စားသောက်ကြသည်။

ရွှေညောင်ဘူတာရုံကြီးတွင် ခရီးသွားခရီးလာများဖြင့် စည်ကားလျက်ရှိသည်။ ရထားမကြာမီဆိုက်ရောက်လာတော့မည်ဖြစ်သဖြင့် မောင်မောင်နှင့် ဝင့်ယမုံတို့နှစ်ဦး ဘူတာစင်္ကြံပေါ်တွင် ထိုင်နေကြသည်။

မောင်မောင်က ဝင့်ယမုံအား “နင်ကျောင်းမှာ စာသင်ရတာ ပျော်သလား”ဟု မေးလေသည်။

“ပျော်တာပေါ့ မောင်မောင်ရာ၊ ကျောင်းမှာ သီချင်းတွေ၊ ကဗျာတွေ သင်ရတယ်ဟ၊ ကာယလည်း သင်ရတယ်”

“ကာယဆိုတာ ဘာကိုခေါ်တာလဲ ဝင့်ယမုံရဲ့”

“ကိုယ်ခန္ဓာကျန်းမာသန်စွမ်း၊ ကြံ့ခိုင်အောင်လုပ်ရတာကို ကာယလို့ ခေါ်တယ်”

“ငါကကြီးလာရင် ကျောင်းဆရာမကြီးဖြစ်အောင် ကြိုးစားမှာ”

“အော်…နင်က ကြီးလာရင် ကျောင်းဆရာမကြီးလုပ်မှာပေါ့”

“ကျောင်းဆရာမကြီးဖြစ်လာရင် နင် ငါတို့ကို မမေ့ပါနဲ့ဟာ”

“မောင်မောင်ရယ် မမေ့ပါဘူးဟာ။ ထွန်းဝင်းနဲ့ နင့်ကိုလည်း ငါနဲ့အတူ ကျောင်းတက်စေချင်တာဟ”။ ဝင့်ယမုံ၏ပြောစကားကြောင့် မောင်မောင့်မျက်နှာ ညှိုးသွားသည်။

“ငါတို့ကျောင်းနေရဖို့ မဖြစ်နိုင်ပါဘူး။ ကျောင်းမနေရပေမယ့် ညတိုင်း နင်စာသင်ပေးနေတာပဲ ကျေနပ်နေပါပြီ။ ငါတို့နာမည်လေးတွေ အခုဆိုစာလုံးပေါင်းပြီး ရေးတတ်၊ ဖတ်တတ်နေပြီ ဝင့်ယမုံရယ်”

မောင်မောင့်စကားကြောင့် ဝင့်ယမုံ စိတ်မကောင်းဖြစ်ရသည်။ မောင်မောင်၏ဦးလေးသည်လည်း အလုပ်အကိုင်မရှိ။ မောင်မောင် ဘူးခွံကောက်၍ ရသောပိုက်ဆံဖြင့်သာ စားသောက်နေကြရသည်။ နောက်ပြီး ဦးလေးဖြစ်သူမှာ ကျန်းမာရေးကမကောင်း၊ ထွန်းဝင်းနှင့် သူ့အမေသည်လည်း ဝမ်းစာအတွက် မနည်းရုန်းကန်နေရသည်ကို ဝင့်ယမုံ မြင်တွေ့နေရသည်။

“ရထားလာပြီဟေ့”

မောင်မောင်၏အော်သံကြောင့် ဝင့်ယမုံသည် ရထားရပ်မည့်နေရာကို ယူလိုက်သည်။

“ထမင်းပူပူလေးရမယ်”

“ဆေးလိပ်၊ ကွမ်းယာရမယ်”

“သောက်ရေသန့် အေးအေးလေးရမယ်”

“ရေသန့်ဘူးခွံလေး ချခဲ့ပါဗျို့” ရထားဆိုက်ရောက်ချိန်တွင် ရထားပေါ်မှ ဆင်းလာသူများ၊ ရထားပေါ်သို့ တက်လာသူများ၊ ဈေးရောင်း၊ ဈေးဝယ်သူများကြားတွင် မောင်မောင်တို့ သူငယ်ချင်းနှစ်ဦး ရေသန့်ဘူးခွံများကို တိုးဝှေ့ကာ လိုက်၍တောင်းယူနေကြ၏။

“ငါ့ကို ပစ်ချပေးခဲ့တာ”

“မဟုတ်ပါဘူး ဝင့်ယမုံရယ် ငါ့ဆီကို ပစ်ချပေးတာပါ”

“ငါ့ဘက်ကိုလာပြီး တောင်းတာလေ မောင်မောင်”

“ရော့ယူလိုက်ပါ ဝင့်ယမုံရယ်”ဟု မောင်မောင်က နောက်ဆုံးအရှုံးပေးလိုက်ရပါသည်။ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ဝင့်ယမုံသည် ဆွမ်းတော်အတွက် ကိုယ်တိုင်လောင်းလှူရန် ဆွမ်းဟင်းနှင့် ဆွမ်းထည့်ထားသည့် လေးထောင့်လင်ပန်းလေးကို ကိုင်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ သံဃာတော်များကို လောင်းလှူပြီး ကြည်ညိုနေစဉ် နောက်ဆုံးမှ သံဃာတော်ကို ကြည့်၍ ဝင့်ယမုံသည် လက်ထဲမှဆွမ်းကို လောင်းလှူရန် မေ့နေမိသည်။ မယုံကြည်နိုင်မှု၊ အံ့သြမှု၊ ဝမ်းမြောက်မှု၊ ကြည်နူးမှု စသည့်ရသမျိုးစုံတို့က တစ်ပြိုင်နက်တည်း ဝင့်ယမုံ၏ရင်၌ ပီတိဖြစ်၍လာသည်။

အဘယ်ကြောင့်ဆိုသော် တစ်ချိန်ကလမ်းဘေးဝဲယာနှင့် ရထားဘူတာရုံတွင် ရေသန့်ဘူးခွံများကို သူနှင့်အတူ လိုက်ကောက်သူ၊ ဘဝတူများ မိမိတို့အပေါ်တွင် အနိုင်ကျင့်တတ်သော မောင်မောင်သည် မြင့်မြတ်သောရဟန်းဘဝနှင့် ယခုကဲ့သို့တွေ့လိုက်ရသောအခါ အံ့သြစွာဖြင့် ငေးကြည့်နေမိသည်။

နေပင်အတော်မြင့်နေပြီ ဖြစ်သည်။ မောင်မောင်သည် အိပ်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ထို့နောက် မျက်နှာသစ်ကာ ထွန်းဝင်းတို့ တဲဆီသို့ ကူးလိုက်သည်။

“ထွန်းဝင်း၊ ဟေ့ … ထွန်းဝင်း”

“ဘာလဲ မောင်မောင်”

“ငါ မြို့အနောက်ဘက်သွားမလို့ မင်း လိုက်မှာလား”

“မလိုက်တော့ဘူး ပျင်းတယ်ကွာ”

“ပျင်းနေဖို့ ငါတို့ဘဝတွေက အချိန်မရှိပါဘူး”

“ထွန်းဝင်းရာ စကားကြီးစကားကျယ်နဲ့ မင်းလည်း ဝင့်ယမုံလိုပဲ”

“ကဲ…လိုက်မှာလား”

“အေး…ခဏစောင့် အမေ့ကိုသွားပြောလိုက်ဦးမယ်”

“ဝင့်ယမုံက မလိုက်ဘူးလား”

“ဝင့်ယမုံက စာမေးပွဲဖြေရမှာမို့ စာကျက်ရဦးမယ်ပြောတယ်”

“စာမေးပွဲဖြေတယ်ဆိုတာ ဘာလဲကွ ထွန်းဝင်း”

“ငါလည်းမသိဘူး၊ ဝင့်ယမုံနဲ့တွေ့မှ မင်းမေးကြည့်ပေါ့” နှစ်ဦးသား စကားပြောရင်း မြို့အနောက်ဘက်ရှိ ကားလမ်းဘေးတွင် ရေသန့်ဘူးခွံများကောက်ရန် ထွက်လာကြသည်။

လရောင်ဖွေးဖွေးသည် အုတ်ဂူဖြူဖြူနှင့် ပဏာတင့်လျက်၊ အချို့နေရာများတွင် မြေစာပုံများမို့မောက်လျက်ရှိနေပြန်သည်။ ထွန်းဝင်းတို့ သုံးယောက်ဘဝများတွင် အုတ်ဂူများသည် ထိုင်ခုံသဖွယ် ဖြစ်၍နေတော့သည်။

“နင်ဒီကနေ ပြောင်းတော့မယ်ဆို ဝင့်ယမုံ”

“အေး…ဟုတ်တယ် ထွန်းဝင်း၊ ငါ့အဖေရဲ့ ဆွေမျိုးတွေရှိတဲ့ အရပ်ကို ပြောင်းတော့မှာ”

“ငါတို့ကို နင်ပြောင်းသွားရင် မမေ့ပါနဲ့နော်”

“ထွန်းဝင်းရယ် မေ့စရာလားဟာ”

“ဝင့်ယမုံ နင်ကျောင်းဆက်နေမှာလား”

“ကျောင်းဆက်နေမှာပေါ့၊ အဖေ့ရဲ့ဆွေမျိုးတွေက ကျောင်းဆက်နေရမယ်လို့ ပြောတယ်လေ”

“ငါတို့နဲ့ နင့်ဘဝလေးကတော့ ကွာခြားသွားတော့မှာနော် ဝင့်ယမုံ” လမင်းကြီးကို ငေးကြည့်ကာ ထွန်းဝင်းက စကားဆိုလာသည်။

“နင်တို့အရွယ်ရောက်လာရင် အလုပ်ကြိုးစားပြီး ဘဝကို တိုးတက်အောင် လုပ်လို့ရတယ်လေ။ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တယ်လို့ ဆရာမက ပြောဖူးတယ်ဟ”

“နင်တို့ဘယ်တော့ ပြောင်းကြမှာလဲ”

“မနက်ဖြန် ပြောင်းကြမှာ ထွန်းဝင်း”

“မြန်လိုက်တာဟာ…မနက်ဖြန် မြို့အရှေ့ဘက်မှာ အမှိုက်ကားလာသွန်မှာတဲ့ လိုက်မကောက်တော့ဘူးလား နင်က”

“အေးဟာ…လိုက်မကောက်တော့ပါဘူး။ မောင်မောင်နဲ့ နင်များများ ရတာပေါ့ဟာ” သုံးဦးသား ခေတ္တငြိမ်သက်သွားသည်။

ခဏအကြာတွင် “ဝင့်ယမုံရေ ညနက်နေပြီ၊ မနက်လည်း စောစောထရမှာမို့ လာ အိပ်တော့”

မိခင်ဖြစ်သူ၏ ခေါ်သံကြောင့် သူငယ်ချင်းနှစ်ဦးကို နှုတ်ဆက်ကာ ပြန်သွားလေသည်။ သူငယ်ချင်းနှစ်ဦးမှာ ဝင့်ယမုံကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ညသည်လည်း နက်သည်ထက် နက်လာသည်။

မိုးသားတိမ်လိပ်တို့သည် ကောင်းကင်တစ်ပြင်လုံး မည်းမည်းမှောင်ကာနေတော့သည်။ လေတိုက်တိုင်း လှုပ်ရှားနေသည့် သစ်ရွက်တို့၏ မြည်သံ၊ ဆူညံစွာ အော်မြည်နေသည့် ကျေးငှက်တို့၏ အော်သံနှင့်မိုးကို ခေါ်နေသည့် ကိုရွှေဖားတို့၏ အော်သံများက သုသာန်ဝင်း၏ နံနက်ခင်းကို မင်းမူလျက်နေသည်။

“ဟေ့…သိန်းရွှေ မိုးရွာလိမ့်မယ်ထင်တယ်ကွ၊ နောက်ရက်မှ ပြောင်းကြရောပေါ့ကွာ”

“ကားလက်မှတ်က ဝယ်ပြီးပြီဗျ”

“မင်းတို့အရပ်ကို ရောက်ရင် ငါတို့ကို မမေ့ပါနဲ့ကွာ”ဟု မောင်မောင်၏ ဦးလေးက ပြောသည်။

“ကဲ…သွားတော့မယ်ဗျို့၊ ကျန်းမာရေးဂရုစိုက်ကြပါဗျာ”

နှုတ်ဆက်စကားနဲ့အတူ ကိုသိန်းရွှေသည် အထုပ်များကို ကိုယ်စီဆွဲကာ ထွက်လာခဲ့ကြသော်လည်း ဝင့်ယမုံမှာ မောင်မောင်နှင့် ထွန်းဝင်းကို မျှော်နေမိသည်။

“ဝင့်ယမုံရေ မြန်မြန်လာ ကားမမီဘဲ နေဦးမယ်”

ကားဂိတ်အရောက်တွင် ဘူးခွံထည့်သည့် အိတ်ကြီးများဖြင့် သူ့ကို စောင့်နေသည့် သူငယ်ချင်းနှစ်ဦးကို တွေ့သဖြင့် ဝင့်ယမုံ ဝမ်းသာအားရ ပြေးသွားမိသည်။

“ငါတို့နင့်ကို စောင့်နေကြတာ ဝင့်ယမုံ”

“ဝမ်းသာလိုက်တာဟာ နင်တို့နဲ့ မတွေ့ရတော့ဘူးလို့ ထင်နေတာ”

“ရော့…ဒါက နင့်အတွက် ငါတို့နှစ်ယောက်ရဲ့လက်ဆောင်”

ကြွပ်ကြွပ်အိတ်နှစ်ထပ်ဖြင့် ထည့်ထားသော လက်ဆောင်ကို ဝင့်ယမုံဖွင့်ကြည့်လိုက်သောအခါ သူမအလွန်နှစ်သက်သည့် အချိုရည်ဘူး လေးဘူးကို ကြည့်ကာ စိတ်မကောင်းဖြစ်မိသွားသည်။ အချိုရည်ဘူးများ ဝယ်ရန် မည်ကဲ့သို့ ပိုက်ဆံရှာရသည်ကို သိနေရသည်မို့ ပိုလို့ ဝမ်းနည်းရသည်မှာ အမှန်ပါ။

“ခရီးသည်များ ကားထွက်ပါတော့မယ်ခင်ဗျာ”

ဝင့်ယမုံတို့သည် စပယ်ယာ၏သတိပေးမှုကြောင့် ကားပေါ်သို့ အမြန်တက်သွားကြသည်။ သူငယ်ချင်းနှစ်ဦး၏ နှုတ်ဆက်စကားများကြောင့် ဝင့်ယမုံ ဝမ်းနည်းစွာ လက်ပြနှုတ်ဆက်ရင်း မျက်ရည်များ ဝေ့ဝဲကာကျလာရင်း ကား၏ခေါင်ဆောင်ရာသို့ ဝမ်းနည်းကြေကွဲစွာ လိုက်ပါသွားရပါတော့သည်။

ဝင့်ယမုံသည် ဆွေမျိုးများရှိရာ မြို့မှာပင် ကျောင်းဆက်တက်ရင်း ဆယ်တန်းစာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည်။ ထိုမှ မန္တလေးပညာရေးကောလိပ်တွင် ဆက်လက်တက်ခဲ့ရာ ကျောင်းဆရာမလေးအဖြစ် ပညာရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ မြစ်သားမြို့မှ ရွာတစ်ရွာတွင် တာဝန်ကျခဲ့ပြီး ထိုရွာမှာပင် အိမ်ထောင်ကျကာ သားတစ်ယောက်၊ သမီးတစ်ယောက်ပင် ထွန်းကားခဲ့လေပြီ။

“ဆွမ်းတော်ဗျို့”

အချိန်မည်မျှကြာအောင် တွေးတောနေမိသည်မသိ။ ကပ္ပိယကျောင်းသားလေး၏ အော်သံကြားမှ သတိဝင်လာသည်။

“ဦးပဥ္စင်း ဦးဇောတိက ဧည့်သည်ရောက်နေတယ်ဘုရား”

ကျောင်းသား၏ လျှောက်ထားချက်ကြောင့် ဦးပဥ္စင်း ဦးဇောတိကမှာ သီလပွဲအတွက် တရားကျက်မှတ်နေရာမှ ကျောင်းအောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ ကလေးနှစ်ဦးနှင့် ကျောင်းအောက်တွင် ထိုင်စောင့်နေသော ဒကာမကို မြင်လိုက်သောအခါ ဦးဇောတိကမှာ အလွန်ပင်အံ့သြသွားလေသည်။

“ဦးပဥ္စင်းကို တွေ့ချင်တာ ဒီဒကာမကြီးလား”

ဦးဇောတိက၏စကားအရ မိမိကို မှတ်မိဟန်မတူဟု ဝင့်ယမုံ သေချာသိလိုက်ရပြီ။

“ဦးသုံးကြိမ်ချကာ တပည့်တော် ဝင့်ယမုံပါ ဘုရား”

ဝင့်ယမုံဟု အမည်ကြားလိုက်သည်နှင့် ဦးဇောတိက၏ စိတ်သည် အတိတ်ဆီသို့ ရောက်သွားကာ ခေတ္တမျှ ငြိမ်သက်သွား၏။ ငယ်စဉ်က သုသာန်ဝင်းအတွင်း အတူဆော့ကစားကြီးပြင်းခဲ့ရသော သူငယ်ချင်းများ၏ ပုံရိပ်များကို ရုပ်ရှင်ကြည့်ရသလို တစ်ကွက်ချင်း ပြန်လည်မြင်ယောင်နေမိသည်။

“ထွန်းဝင်းရော ရှိသေးလား ဘုရား”

ဒကာထွန်းဝင်းက ဘန်ကောက်မှာ။ သူ့အမေက ဆုံးသွားပြီ။ ဦးပဥ္စင်းရဲ့ ဦးလေးလည်း ဆုံးသွားပြီ။

“ကြားရတာ စိတ်မကောင်းပါဘူး။ အခုတော့ အများကြီး ပြောင်းလဲသွားပြီပေါ့ ဘုရား”

ဒကာမကြီး ပြောင်းသွားပြီးတဲ့နောက်မှာ အလှူရှင်တစ်ဦးရဲ့ ကောင်းမှုကြောင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ သူငယ်ချင်းနှစ်ဦး ကိုရင်ဝတ်ဖြစ်ကြတယ်။ တစ်ဝါရပြီးတော့ ထွန်းဝင်းက လူဝတ်လဲပြီး မြဝတီဘက်ကို အလုပ်သွားလုပ်ရင်း ဘန်ကောက်မှာ နေတယ်လို့ သိရတယ်။

“အရှင်ဘုရားကို အခုလို မွန်မြတ်ကောင်းမွန်တဲ့ သာသနာ့ဝန်ထမ်းအဖြစ်နဲ့ မြင်တွေ့ရလို့ တပည့်တော် ဝမ်းသာကြည်နူးကြည်ညိုရပါတယ်ဘုရား”။ ဝင့်ယမုံသည် ကျောင်းအပေါ်ထပ်သို့ တက်ကာ လှူဖွယ်ပစ္စည်းများကိုလှူရင်း ဦးသုံးကြိမ်ချကာ ဝမ်းသာပီတိမျက်ရည်များဖြင့် ဦးဇောတိကအား နှုတ်ဆက်၍ ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောကြကာ ပြန်ခဲ့လေသည်။

နှုတ်ဆက်စကားပြောကြားရင်း ဘုရားခန်းဆီသို့ ကြွသွားသော ဦးဇောတိကကို ကြည့်၍ ဝင့်ယမုံသည် မိမိတို့သူငယ်ချင်းသုံးဦး၏ အနားမညီသော တြိဂံများဆိုလျှင် ထိုတြိဂံဟာ …..။

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိ

**ပျော်ဘွယ် မေ ၄**

ပျော်ဘွယ်မြို့နယ်တွင် လူငယ်လူရွယ်များ ဘာသာတရားကို ပိုမိုကိုင်းရှိုင်းတတ်လာစေရန်၊ ယဉ်ကျေးမှုဆိုင်ရာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာအား သိရှိစေရန်နှင့် လိုက်နာကျင့်သုံးတတ်စေရန် ရည်ရွယ်၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ခင်ကြီးယကျေးရွာ၊ ဘုရားငါးဆူကျောင်းတိုက်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဧပြီ ၃ ရက် နံနက် ၈ နာရီမှစတင်၍ ဆက်လက်သင်ကြား ပို့ချလျက်ရှိသည်။



ယဉ်ကျေးလိမ္မာသင်တန်းကို ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ၊ လူ့ကျင့်ဝတ်များ၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်များအပြင် ဘာသာတရားကိုင်းရှိုင်းတတ်လာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်သော လူငယ်လူရွယ်များ ဖြစ်လာစေရန် နှစ်စဉ် နွေရာသီကာလ၌ ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပလျက်ရှိသည့် မြို့နယ်အဆင့် ယဉ်ကျေးလိမ္မာစာမေးပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေလျက်ရှိသည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ်၊ မတ်လမှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မေလကုန်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၅၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ဆုရရှိသူများကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနား၌ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဓာတ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပြင်ဦးလွင် မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နွေရာသီသင်တန်း တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ အိုဇုန်းလွှာအကြောင်းများ၊ ပလတ်စတစ်ညစ်ညမ်းမှုအကြောင်းအရာများစသည့် အကြောင်းအရာများပါဝင်သည့် လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**သွေးသွေး(ပြန်/ဆက်)**



**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- ➢ မြို့နယ်နယ်နိမိတ်အတွင်း (၁)နာရီလျှင် မိုင် ၃၀ (၄၈) ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ (၁)နာရီလျှင် မိုင် ၅၀ (၈၀) ကီလိုမီတာထက် ပို၍မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ




# အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် မေ ၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လျှင်ဘေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



ပတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မြေး

## သင်္ကြန် တန်ခူး

* ပိတောက်ပွင့်ဖူး
တန်ခူးသင်္ကြန်
ရောက်ခဲ့ပြန်ပေါ့
ဒီတစ်ခါ ။

* တေးသံစုံမြိုင်
ဂီတလှိုင်လျက်
ပြုံးကာပျော်ရွှင်
မေပျိုခင်တို့ ။

* အလှတွင် ယဉ်ဆင့်
ညီညာတင့် က,ဟန်
သဏ္ဍာန်တူ
နတ်သမီးလေးများပါ ။

* ရေစင်မေတ္တာ
ဖျန်းကာပေးမှ
စိတ်လှပျော်ချင်
လန်းရွှင်ရွှင်နဲ့
မဏ္ဍပ်စင်တိုင်း
ရောက်ခဲ့သည် ။

* နီဝါပြာရောင်
အစုံဆောင်လျက်
လှပုံလေးများ
တစ်မျိုးစီခြားတဲ့
သူတို့မဏ္ဍပ်
ထိုမဏ္ဍပ်များ ။

* ရိုးရာမမေ့
စဉ်လာမွေ့တဲ့
မြန်မာဟေ့
ကမ္ဘာတိုင်ပြီသာမှတ်ရော့
နှစ်တိုင်းတော့ရှိနေမှာ ။

* နောင်နှစ်တွင်လည်း
ဆုံတွေ့နွှဲမည်
ဒီနှစ်ဆီမတော့
အားလုံးသော မိတ်သဟာ
ဘေးဘယာ ဝေးကွာစေ
တို့များတစ်တွေ
ဆုချွေတောင်း
မကောင်းတဲ့
အညစ်ကြေးဟောင်းတွေ ရေဆေး
ခဝါလေးချလိုက်ပါပြီလေး ။ ။

**ခင်မောင်(ငါန်းငွန်)**



## ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ဖြေဆို

**ကျောက်ပန်းတောင်း ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်း မြို့နယ်၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲ ဆဋ္ဌမနေ့ကို ဧပြီ ၃ ရက် မွန်းတည့် ၁၂ နာရီက ဘူတာရပ်ကွက်ရှိ မြို့နယ်လုံး ဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး အပေါ်ထပ်နှင့် အောက်ထပ်တို့ တွင် ကျင်းပခဲ့သည်။

အဆိုပါစာမေးပွဲကို မြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဆရာတော်နှင့် စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများ၏ အနီးကပ် ကြီးကြပ်မှုဖြင့် သာသနာရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်း များ၊ စာမေးပွဲဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့များက လိုအပ်သည်များကို ကူညီဆောင် ရွက်ပေးကြသည်။ စာမေးပွဲ ဖြေဆိုရာ၌ ပထမကြီးတန်းတွင် ပဋ္ဌာန်းကုသလတိတ် ဘာသာကို ဖြေဆိုရန် စာရင်းသွင်းထားသည့် ရဟန်း ၂၄ ပါး၊ သာမဏေ ၁၃ ပါးနှင့် သီလရှင် သုံးပါး ပေါင်း အပါး ၄၀ အနက်၊ ရဟန်း ၂၂ ပါး၊ သာမဏေ ၁၂ ပါးနှင့် သီလရှင် သုံးပါး ပေါင်း ၃၇ ပါး ဝင်ရောက် ဖြေဆိုကြပြီး ပထမလတ်တန်း ဘာသာပြန်ကို ရဟန်း ၂၄ ပါး၊ သာမဏေ ၆၉ ပါးနှင့် သီလရှင် သုံးပါး ပေါင်း ၉၆ ပါး စာရင်းရှိ သည့်အနက်မှ ရဟန်း ၁၉ ပါး၊ သာမဏေ ၆၆ ပါး၊ သီလရှင် နှစ်ပါး ပေါင်း ၈၇ ပါး ဝင်ရောက် ဖြေဆိုလျက်ရှိရာ စုစုပေါင်း ၁၂၄ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း နှင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရပြီး စာဖြေသံဃာနှင့် သီလရှင်များ အတွက် လိုအပ်သည့် ဆွမ်းနှင့် အချိုရည်များကို မြို့ပေါ်(၁၂) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများက အလှူရှင်များနှင့်ပူးပေါင်း၍ အလှည့် ကျ တာဝန်ယူဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၅၆)**

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၄**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းတွင် ယမန်နေ့နံနက်ပိုင်း က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစု က ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာ တော်များ၊ သင်တန်းသား သံဃာ တော်များအား အရဏ်ဆွမ်းကပ် သည်။

ထို့နောက် ကျောင်းအုပ်ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာ စရိယ၊ B.A)က ရေစက်ချ အနု မောဒနာတရား ဟောကြားချီးမြှင့် ပြီး ဖခင် ဦးမြတ်ထွဋ်၊ မိခင် ဒေါ်ကြည်ကြည်ဦး၊ အစ်မကြီး ဒေါ်ဆွေဆွေမြင့်၊ အစ်ကိုကြီး ဦးဇော်ဝင်းထွဋ်၊ ညီလေး ဦးအောင် ကျော်ဇော၊ ညီမလေး မစောမြတ်မွန် တို့အား ရည်စူး၍ ကျန်ရစ်သူ မောင်နှမတစ်စု မန္တလေးမြို့တို့က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကက အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**PNT**




## သီလရှင်ကျောင်းများသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**လားရှိုး ဧပြီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများသို့ ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ခြင်းကို ဧပြီ ၃ ရက် မွန်းလွဲပိုင်း က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာ တွင် လားရှိုးခရိုင် အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေး မျိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမွန်နှင့် အဖွဲ့ ဝင်များက လားရှိုးမြို့၊ ရပ်ကွက် (၁၀)ရှိ သာသနာ့ဝေပုလ္လ သီလရှင် ကျောင်းနှင့် ရပ်ကွက်(၈)ရှိ သာသနာ့ဟိတကာရီ သီလရှင် ကျောင်းတို့တွင် နေထိုင်လျက် ရှိသည့် သာသနာ့နွယ်ဝင်သီလရှင် များ ဆွမ်းအဆင်ပြေစေရေး အတွက် အခြေခံစားသောက်ကုန် များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ဝတ္ထုငွေများ စသည့် လှူဖွယ်ဝတ္ထုအစုစုတို့အား သက်ဆိုင်ရာ သီလရှင်ကျောင်း များသို့ သွားရောက်၍ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**

## မင်းဘူးမြို့ သာသနာ့ဗိမာန်၌ အပူရှောင်စခန်း ဖွင့်လှစ်ထားရှိမှု ကြည့်ရှုအားပေး

**မင်းဘူး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း ၌ အပူဒဏ်အန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် အပူရှောင် စခန်းဖွင့်လှစ်ထားရှိမှု အခြေအနေ များကို မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌွေးနှင့် တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန် ရှိသူများ ဧပြီ ၃ ရက် နံနက် ၁၁ နာရီက အဆိုပါဗိမာန်သို့ သွားရောက်ကြည့်ရှုအားပေးကြ သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများသည် မင်းဘူးမြို့၊ အမှတ် (၃)ရပ်ကွက်ရှိ သာသနာ့ဗိမာန်သို့ ရောက်ရှိပြီး သာသနာ့ဗိမာန်တော် ကြီးအတွင်း၌ အပူရှောင်စခန်း ဖွင့်လှစ်ထားရှိမှုနှင့် အပူရှောင်စဉ် ကာလ သက်ကြီးဘိုးဘွားများ နားခိုနိုင်စေရန် နားနေခန်း၊ TV ကြည့်ခန်း၊ စားသောက်ခန်းနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စ ရပ်များ ကြိုတင်ပြင်ဆင် ဆောင် ရွက်ထားရှိမှု၊ အပူဒဏ်ကြောင့် အပူရှောင် သက်ကြီးဘိုးဘွား ပုဂ္ဂိုလ်များအား မလိုလားအပ် သော အကျိုးဆက်များ မဖြစ်ပေါ် စေရန် တိုင်းရင်းဆေးပညာဦးစီး ဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံကြီး မှ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှု၊ အပူရှောင် စခန်းသို့ လာရောက်ကြသူများ သုတ၊ ရသ စာအုပ်၊ စာပေများ နှင့် နေ့စဉ်ထုတ်သတင်းစာများ ဖတ်ရှုလေ့လာနိုင်စေရန် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ စာအုပ်၊ စာစောင်များ ပြင် ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အပူရှောင်စခန်းရှိ သက်ကြီးဘိုး ဘွားများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးဆောင်ရွက်ပေး နေမှု စသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဘိုးဘွား များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ အပူရှောင် စခန်းများအတွက် နိုင်ငံတော် ယာယီသမ္မတနှင့် အလှူရှင်များက လှူဒါန်းပေးပို့ထားသော ရေသန့်၊ အချိုရည်၊ ဓာတ်ဆားနှင့် တစ် ကိုယ်ရေ အသုံးအဆောင်ပစ္စည်း များကို မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက သက်ကြီးဘိုးဘွားများ အား လှူဒါန်းပေးအပ်ပြီး အပူ ရှောင်စခန်းများ ဖွင့်လှစ်ရာ၌ အထောက်အကူပြုစေရန် မကွေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ် များမှ စုပေါင်းလှူဒါန်းသော အလှူ ငွေကျပ် ၂၅ သိန်းကို အပူရှောင် စခန်းဖွင့်လှစ်နိုင်ရေးလုပ်ငန်း ကြီး ကြပ်မှုကော်မတီထံ ပေးအပ် လှူဒါန်းခဲ့သည်။

မင်းဘူးမြို့သည် ယခုရက် ပိုင်းတွင် ကမ္ဘာ့အပူဆုံးမြို့များ စာရင်း၌ ပါဝင်နေသည့်အတွက် နိုင်ငံတော် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်အရ မိမိတို့ နေအိမ် များ၌ နေထိုင်ရန် ခက်ခဲပြီး အပူ ဒဏ်ကို တိမ်းရှောင်ရန် လိုအပ် မည့်သူများနှင့် သက်ကြီးဘိုးဘွား များအား အပူရှောင်စခန်းများတွင် လာရောက်နားခိုနိုင်ရေးနှင့် အပူ ဒဏ်အန္တရာယ် ကြိုတင်ကာကွယ် ရေးအတွက် အပူရှောင်စခန်း များကို မြို့နယ်အတွင်း၌ ဧပြီ ၂ ရက်မှစတင်ပြီး ဖွင့်လှစ်ထားရှိရာ မင်းဘူးမြို့ သာသနာ့ဗိမာန်ရှိ အပူ ရှောင်စခန်း၌ သက်ကြီးဘိုးဘွား ၂၆ ဦးနှင့် စကုမြို့ အမှတ်(၂) ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာ ဓမ္မ ရိပ်သာ အပူရှောင်စခန်း၌ သက် ကြီးဘိုးဘွား ၁၇ ဦးတို့က လာ ရောက်နားခို နေထိုင်လျက်ရှိပြီး လိုအပ်သော ပံ့ပိုးကူညီမှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်မောင်(မင်းဘူး)**



## ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့ ဝါးပြားကျောင်းတွင် ရှင် ၁၀၀ ပြုပွဲ ပြီးစီး

**တောင်ကြီး ဧပြီ ၄**

မန္တလေးမြို့ တောင်စလင်း တိုက်သစ်ဘာဝနာဌာန ဦးစီးပဓာန နာယကဆရာတော်ကြီး၊ တောင် တန်းသာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး



အသင်းချုပ်(မန္တလေး) ခရီးစဉ် အမှတ်(၁၀၃)ကြိမ်မြောက် တောင် ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင် ကော်၊ ဖယ်ခုံ ရှင် ၁၀၀ ပြုပွဲ ခရီးစဉ်ကို မတ် ၂၄ ရက်မှ ၂၉ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဝါးပြားကျောင်းတိုက် ဘ·က ကျောင်းမှ ရှင်သာမဏေ အပါး ၁၀၀ တို့က သင်္ကန်းတောင်း ဆံချ ပြီး မေတ္တာသုခကျောင်း ဆရာ တော် ဘဒ္ဒန္တသုန္ဒရထံမှ ရေစက်ချ တရားနာယူ ကြည်ညိုကြပြီး ရှင် အပါး ၁၀၀ တို့အား သာမဏေ ဘောင်သို့ သွတ်သွင်းနိုင်ခဲ့သည်။ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)အနေဖြင့် ရှင် ၁၀၀ ပြုပွဲအား (၁၇)ကြိမ် မြောက်အထိ အောင်မြင်စွာ ဆောင် ရွက်ပြီးစီးခဲ့ကြောင်း ဥက္ကဋ္ဌ ဦးလှ ဝင်းထံမှ သိရသည်။ ထိုခရီးစဉ် သို့ အသင်းကော်မတီအချို့နှင့် အတူ သာသနာပြုအဖွဲ့ စုစုပေါင်း ၃၃ ဦး လိုက်ပါခဲ့ကြောင်း သိရ သည်။

**(ဝဲပုံ) (၀၄၉)**

# အတာသင်္ကြန် ဂိမှာန်နွေဦး လတန်ခူး

မိုးထက်ကို(အမရပူရ)

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကို ကူးပြောင်းသည့် နှစ်ဆန်းစ ပထမဦးဆုံးလသည် ‘တန်ခူးလ’ ဖြစ်ပါသည်။ တန်ခူးလ၏အဓိပ္ပာယ်ကို ဖွင့်ဆိုကြရာတွင် ‘တန်’ မှာ ဆယ့်နှစ်လရာသီ နောက်ဆုံးလများဖြစ်ကြသည့် ‘တပို့တွဲ’ နှင့် ‘တပေါင်းလ’ တို့၏ ‘တ’ နည်းတူ ‘တန်’ မှာ အနက်ဖြစ်၏။ ‘ခူး’ ဆိုသည်မှာ ဆွတ်သည်၊ ခြွေသည်ဟု အနက်အဓိပ္ပာယ်ရ၏။ သို့ဖြစ်၍ ‘တန်ခူးလ’ မှာ ‘ထန်းခူးလ’ ဟု ဆိုလိုကြောင်း ဖွင့်ဆိုကြပါသည်။

ပုဂံခေတ်ကျောက်စာများတွင် ‘တန်ခူး’ လကို ‘တန်ခူ’ ဟု ဝစ္စနှစ်လုံးပေါက်မပါဘဲ ကမ္ပည်းရေးထိုးခဲ့ကြ၏။ အင်းဝခေတ်မှစ၍ ဝစ္စနှစ်လုံးပေါက်ထည့်၍ ‘တန်ခူး’ ဟု ရေးသားလာကြသည်။ ‘တာကူး’ ‘တံကူး’ ‘တန်ကူး’ ဟူ၍ အမည်အမျိုးမျိုး ဝိဝါဒအဖြာဖြာဖြင့် ခေါ်တွင်ခဲ့ကြ၏။ ယခုအချိန်အခါသမယတွင် ‘တန်ခူး’ လဟူ၍ ရေးထိုးကြသည်။

မြန်မာတို့၏နှစ်သစ်ကူးသော တန်ခူးလသည် နေ၏အပူရှိန်ကြောင့် အပူပြင်းထန်ဆုံးသောလဖြစ်၏။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်များတွင် ရေများ ခန်းခြောက်သောလဖြစ်၏။ ထိုအခါ အေးမြသော ရေစင်ကို တောင့်တကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရေပက်ဖျန်းခြင်းဖြင့် နှစ်သက်ပျော်ရွှင်လန်းဆန်းလာသောကြောင့် ရေသဘင်အတာသင်္ကြန်ပွဲတော်ကို ဆင်ယင်ကျင်းပသည့် အစဉ်အလာဖြစ်ပေါ်ခဲ့သည်ဟု ရှေးအခါက အဆိုရှိခဲ့၏။ မြန်မာနိုင်ငံတွင် ရေပက်ဖျန်းမှု အစဉ်အလာ မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးစံသည် ပုဂံခေတ်တွင် ရေနန်းသုံးပွဲတော်အဖြစ် စတင်ခဲ့ကြသည်ဟု လေ့လာမှတ်သားသိရှိရပါသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် မြန်မာဘုရင်မင်းများ အဆက်ဆက် နှစ်သစ်ကူးပွဲတော်၊ သီတာရေသဘင်ပွဲတော်ကို ဆင်နွှဲခဲ့ကြပါသည်။ နှစ်သစ်ကူးရေသဘင်ပွဲတော်တွင် ဘုရား၊ စေတီ၊ ပုထိုးများကို ရေစင်သွန်းလောင်းခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များကို အမွှေးနံ့သာရေစင်များဖြင့် ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားများကို လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခြင်း၊ ခေါင်းဆေးမင်္ဂလာပြုလုပ်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများကို ညှပ်ပေးခြင်း၊ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းအချင်းအချင်း ရေစင်ဖြင့် ပက်ဖျန်းကြခြင်း၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ တရော်ကင်ပွန်းများ၊ နံ့သာရည်များကို ပေးဝေလှူဒါန်းကြခြင်း၊ ဥပုသ်သည်များကို အစာအာဟာရ ဒါနကုသိုလ်ပြုခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အဖျော်ယမကာ အချိုရည်များ တိုက်ကျွေးခြင်းများ ပြုလုပ်ကြပါသည်။

ဟိုးရှေးအခါက သင်္ကြန်ရေပက်ကစားကြရာတွင် ယဉ်ကျေးသည်၊ သိမ်မွေ့သည်။ ငွေဖလားနှင့် ယဉ်ကျေးသိမ်မွေ့စွာ ရေလောင်းရေပက်ကစားကြပါသည်။ ညောင်ရေပန်းနှင့်လည်း ရေဖျန်းကြပါသည်။ စာဆိုရှင် ဦးကြော့က ‘ညောင်ရေပန်းနှင့် ရေလှူဒါန်းသကဲ့သို့ ပြည်သူများက သပြေပန်းနှင့် ရေဖျန်းကြသည်။



သပြေခက်နှင့် ရေပက်ကြသည့် အစဉ်အလာရှိခဲ့သည့် ငွေဖလားနှင့် ရေကစားခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်၏။

ဂိမှာန်နွေဦး လတန်ခူးသည် နွေဥတုတွင် ပါဝင်နေ၍ နွေလယ်၊ နွေတွင်း၊ မိုးရွာသွန်းရန် အခွင့်အလမ်း နည်းပါးပါသည်။ ‘တပေါင်း၊ တန်ခူး၊ မိုးသားကြိုး’ ဆိုသည့် စကားအရ မိုးရွာသွန်းရန် မျှော်လင့်ချက်ရှိပါသည်။ တောင်လေသုတ်ဖြူး လတန်ခူးဝယ် မိုးရွာလေ့ရွာထ ရှိတတ်ပါသည်။ အများအားဖြင့် တန်ခူးလတွင် သင်္ကြန်မိုးရွာလေ့ရှိသည်။ သင်္ကြန်မိုး သောက်သုံးရသည့် ပိတောက်ပန်းတွေလည်း ဖူးပွင့်လန်းဆန်းဝေဖြာလာပါသည်။သင်္ကြန်မကျမီ ရွာသောမိုးကို သင်္ကြန်အကြိုမိုးဟူ၍လည်းကောင်း၊ သင်္ကြန်ကျပြီးမှ ရွာသောမိုးကို သင်္ကြန်လက်ဆေးမိုးဟူ၍ ခေါ်ဆိုကြပါသည်။ တန်ခူးလတွင် ရွာသောမိုးသည် သည်းထန်စွာ ရွာသွန်းလေ့မရှိပါ။ ဖက်ရွက်များ စွတ်စိုရုံမျှသာ ရွာတတ်၏။ တစ်ခါတစ်ရံမှာ ဖက်ရွက်ခြောက်များ ကြွေကျပြီး မိုးရေနှင့် မျောပါသွားအောင် ပြင်းထန်စွာ ရွာသွန်းတတ်၏။ ထို့ကြောင့် ‘ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး’ ဟူ၍ ဆိုစမှတ်ပြုကြသည်။

‘သင်္ကြန်’ ဟူသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ပွဲတော်ဖြစ်ပါသည်။ အယုတ်အလတ်အမြတ်မရွေး၊ အတန်းအစားမရွေး မခွဲခြားဘဲ တစ်သွေးတည်း၊ တစ်သားတည်း လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြသည့် ပွဲတော်ဖြစ်သည်။ အလွန်မွန်မြတ်၍ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်နှစ်ကူးအခါတော်တွင် မင်္ဂလာရှိသော စကား၊ မင်္ဂလာရှိသော အပြုအမူ၊ မင်္ဂလာရှိသောအသံတို့ကိုသာ ပြုမူလေ့ရှိသည့်အတိုင်း ငွေဖလားတွင် သပြေခက်စိုက်၍ ပျော်ပျော်ရွှင်ရွှင် ရေကစားကြပါသည်။

၁၃၀၀ ပြည့်နှစ်က အတာသင်္ကြန်တွင် အမြော်အမြင်ရှိသော မြို့မိမြို့ဖများနှင့် ပညာရှင်များကိုယ်တိုင် ကိုယ့်ခြေ၊ ကိုယ့်လက်ဦးစီးဆောင်ရွက်ခဲ့ကြခြင်းဖြင့် မန္တလေး၏ အထင်ကရ ကျုံး၊ မြို့ရိုး၊ ပြာသာဒ်များရှေ့မှစတင်ကာ မဟာမုနိရုပ်ရှင်တော်သို့ ဦးခိုက်ကန်တော့ခြင်းဖြင့် အတာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ခဲ့ကြသည်။ ကိုယ့်မြေ၊ ကိုယ့်ရေတွင် ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအပေါ် အမွန်အမြတ်အလေးထားသည့် ဝံသာနုစိတ်ဓာတ်ကို ထင်ရှားစေခဲ့သည့် သင်္ကေတတစ်ခုဖြစ်သည်။

၁၉၄၇ ခုနှစ် အတာသင်္ကြန်ပွဲတွင် ခေတ်မီလှပသော ငွေဇင်းအလှပြယာဉ်ကြီးနှင့် မန္တလေးမြို့မအသင်းသည် ယဉ်ကျေးဖွယ်ရာသီချင်းများကို သီဆိုရင်း မန္တလေးကျုံးမြို့ရိုး ပြာသာဒ်များရှေ့မှာ ပန်ရ တင့်တယ်လှပါသည်။ ဈေးချိုမှာ၊ ကျောက်တန်းမှာ၊ ဝါးတန်းမှာ မန်းမြို့သူပျိုဖြူများက မောင်ရင်းနှမအသွင် ခင်ခင်မင်မင် ပျော်ရွှင်စွာ သူတစ်ပြန်၊ ကိုယ့်တစ်လှည့် အနုပညာတွေ ပြသကြရင်း ‘ကျန်းမာပါစေ’ ‘အေးချမ်းပါစေ’ မေတ္တာပို့သကြပါသည်။ ဧည့်ခံမဏ္ဍပ်များဆီသို့ အလှပြယာဉ်များက မြို့လုံးအနှံ့ တစ်ညလုံး ယှက်သန်းရင်း မြို့လူထုများနှင့် စည်ကားသိုက်မြိုက်လှပါသည်။ မန္တလေးအတာသင်္ကြန်မှာ ဆင်နွှဲသည့် ငွေဇင်းအလှပြယာဉ်နှင့် မြို့မတူရိယာအသင်းကြီးမှာ ဆရာ မြို့မငြိမ်းက ‘ရွှေမန်းတောင်ရိပ်ခို’ သီချင်းသစ်ကို ရေးစပ်သီဆိုဖျော်ဖြေခဲ့ပါသည်။ အောင်မြင်ကျော်ကြားလူကြိုက်များခဲ့ပါသည်။ သင်္ကြန်ချစ်သူများ အထူးနှစ်သက်ခဲ့ကြပါသည်။

ငွေဇင်းမြို့မ တူရိယာအသင်းကြီးနှင့် ဆရာမြို့မငြိမ်းတို့သည် တစ်သွေးတည်း တစ်သားတည်း ခွဲခြားမရသကဲ့သို့ ဆရာမြို့မငြိမ်းနှင့် အမရပူရမြို့က ဂီတအသံ ဖွဲ့စည်းမှုပညာရှင် ဝါးပလွေဆရာကြီး (ဆရာထပ်)တို့သည် ဂီတကို ချစ်မြတ်နိုးတာချင်း၊ ရင်ဘတ်ချင်း ထပ်တူကျပါသည်။ မန္တလေးအခေါ် တောင်မြို့(အမရပူရမြို့)က AMBA မော်တော်ယာဉ်အသင်းကြီးနှင့် မန္တလေးသင်္ကြန်ကို မြို့လုံးပတ်ကာ လှည့်လည်ဖျော်ဖြေကြပါသည်။ ကားဆရာ၊ ဒရိုင်ဘာ၊ စပယ်ယာတွေ ပါဝင်ကြသည့် AMBA အသင်းကြီး၏ ဂီတအသံဖွဲ့စည်းမှုကို ဆရာမြို့မငြိမ်းက ဝါးပလွေဆရာကြီး(ဆရာထပ်)နှင့် တိုင်ပင်ပြီး ဝါးပလွေအလက်(၆၀)ကျော် ပြုလုပ်နိုင်ခဲ့ပါသည်။ ဝါးပလွေအလက်(၆၀)ကျော် တစ်ချောင်းစီက တစ်သံတစ်မျိုးမှုတ်၍ ရပါသည်။ လက်ဖက်ခြောက်ပုံးကြိုးတပ်ပြီး ဘော့စ်သံလုပ်ပါသည်။ မန်ကျည်းစေ့များထည့်ထားသည့် ဘူးသီးခြောက်များ၊ တူရိယာပစ္စည်းအစုံဖြင့် ထူးခြားသော ဂီတသံစဉ်များကို တီးခတ်ဖျော်ဖြေခဲ့ကြပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ရောက်တိုင်း မန္တလေးက ဆရာမြို့မငြိမ်းနှင့် အမရပူရမြို့က ဝါးပလွေဂီတပညာရှင်ကြီး(ဆရာထပ်)တို့ကို ပြန်လည်သတိရမိပါသည်။

၁၉၇၀ ပြည့်နှစ် ဝန်းကျင်ကာလများ၌ မန္တလေးတစ်မြို့လုံးမှာ ဧည့်ခံမဏ္ဍပ်များ၊ အလှပြယာဉ်များ၊ သံချပ်အသင်းများ စုစုပေါင်း ၃၀၀ ကျော်မျှ ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကား ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ထိုကာလများသည် နှောင်းခေတ် မန္တလေးသင်္ကြန်၏အဆို၊ အတီးတွေ အပြိုင်အဆိုင် အက၊ အလှတွေကလည်း အပြိုင်အဆိုင် သံချပ်အသင်းတွေကလည်း အပြိုင်အဆိုင် မန္တလေးအတာသင်္ကြန် ရွှေရောင်နှစ်များအဖြစ် မှတ်တမ်းတင်ဂုဏ်ယူဖွယ်ရာများ ဖြစ်ပါသည်။

မန္တလေးသင်္ကြန်ခေတ်အဆက်ဆက်တွင် ထင်ရှားခဲ့သော အလှပြယာဉ်ကြီးများမှာ မြို့မငွေဇင်းအလှပြယာဉ်ကြီး၊ ရွှေတိုင်းယဉ်၊ သင်္ဂဟ၊ ယုဝမောင်၊ တေးချစ်သူ၊ တေးနုယဉ်၊ နုယဉ်၊ နဝရတ်၊ သိင်္ဂီ၊ မိုးကေသီ၊ ဂီတလုလင်၊ သီရိမွန်၊ သဟာရ၊ ဗဟို၊ တေးသဇင်၊ ဖွဲလုလင် အစရှိသော အလှပြယာဉ်ကြီးများဖြစ်ပါသည်။

မန္တလေးသင်္ကြန်ဧည့်ခံမဏ္ဍပ်များမှ အမျိုးသမီးရေသဘင်အသင်းများဖြစ်ကြသည့် ရေနန်းဗိမာန်၊ ဝင်းလိုက်မယ်၊ ဈေးချိုသူ၊ လှပျိုဖြူဝါဝါဝင်း၊ နွဲ့ယဉ်ယဉ်၊ လှဲ့လှဲ့ဝင်း၊ နဂါးမယ်၊ ရွှေမန်းမေ၊ ပွဲညွန့်သူဇာ၊ ငုရွှေဝါ၊ လှသူဇာ၊ ယမင်းသူဇာ၊ သီရိရွှေစင်၊ မေချာတိတ်၊ ဟော်နန်းသူဇာ၊ မေနုယဉ်၊ မေသစ်လွင်၊ လှဒေဝီ၊ မြဝတ်ရည်၊ လှသွေးရည်၊ မြစိမ်းနွယ်၊ ငွေကြယ်လေးများ အစရှိသည့် အမျိုးသမီးရေသဘင်အသင်းများက အလှပြယာဉ်တန်းကြီးများကို အက၊ အလှ၊ အဆို၊ အတီးတို့ဖြင့် ပြိုင်ပြိုင်ဆိုင်ဆိုင် ဧည့်ခံဖျော်ဖြေကပြကြိုဆိုကြပါသည်။

ဤအလှပြယာဉ်များနှင့် အမျိုးသမီးရေသဘင်အသင်းများကို မန္တလေးအတာသင်္ကြန်ကာလတွင် နားရက်မယူဘဲ ထုတ်ဝေပေးခဲ့ကြသည့် မန္တလေးထုတ်သတင်းစာများနှင့် ဂျာနယ်များမှ ဖတ်ရှုလေ့လာမှတ်သားသိရှိရပါသည်။

စာရေးသူတို့ သူငယ်ချင်းတစ်တွေ စက်ဘီးကိုယ်စီနှင့် မန္တလေးအတာသင်္ကြန်ပွဲကို သင်္ကြန်အကျနေ့ တစ်ညလုံး၊ တစ်မြို့လုံး လှည့်လည်ကြည့်ရှုကြပြီး နံနက် မိုးစင်စင်လင်းမှ အိမ်ပြန်ခဲ့ကြပါသည်။ မန္တလေးသင်္ကြန်ရောက်တိုင်း လွမ်းမောတမ်းတဖွယ်ရာ အတိတ်ကို ပြန်လည်သတိရလွမ်းမိပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များက နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို အောင်မြင်စွာ တင်သွင်းကာကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ကြပါပြီ။ မြန်မာတစ်မျိုးသားလုံးအတွက် အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူစရာကောင်းလှပါသည်။

ထို့ကြောင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာ အမြတ်တနိုးတန်ဖိုးထားကြစေချင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# နွေရာသီအခြေခံအားကစား သင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိ



**ပျဉ်းမနား ဧပြီ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအတွက် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း မိမိဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျ လေ့လာသင်ယူနိုင်ရေးအတွက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ်၊ နွေရာသီ အခြေခံအားကစားသင်တန်းများကို ပေါင်းလောင်းအားကစားကွင်းနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ အေရိုးဗစ် စသည့် အားကစားနည်းများကို အခြေခံသင်ကြားပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ သင်တန်းများကို မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀



**မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၅)ရပ်ကွက်၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုများအား အမှတ်(၅)ရပ်ကွက်ရုံးတွင် ကွင်းဆင်းဆောင်ရွက်ကြစဉ်။**

**စော်ထက်(သရက်)**

# အပူဒဏ်ကာကွယ်နိုင်ရန် အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရေးကြိုးပမ်းဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ရက်ပိုင်းအတွင်း မြင့်တက်လာသည့် အပူရှိန်ကြောင့် အပူဒဏ်ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းများ အမြန်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အပူရှောင်စခန်းဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်တွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ၊ ရွှေအင်းတောင် စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များ ပူးပေါင်း၍ အပူရှောင်စခန်းအမြန် ဖွင့်လှစ်ရန်အတွက် ရှေးဟောင်း သမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်စောင်းတန်းများတွင် သန့်ရှင်းရေးများ ပြုလုပ်ခြင်း၊ မီးကြိုးများ သွယ်တန်းခြင်း၊ တစ်ဦးခြင်း သက်တောင့်သက်သာ နားနေလဲလျောင်းနိုင်ရန်အတွက် ခုတင်များ



ညီညာစွာ ထားရှိခြင်း၊ အပူရှောင်လာရောက်ကြသည့် ဒေသခံပြည်သူများ ထားသိုသိမ်းဆည်းနိုင်ရန် ခုံများ ထားရှိခြင်း၊ ကျိုးပဲ့သစ်ကိုင်းများ ခုတ်ခြင်းစသည်တို့ကို ဧပြီ ၃ ရက်မှ စတင်၍ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀

# ငလျင်ဘေးအန္တရာယ်ဆိုင်ရာကာကွယ်ရေး အသိပေးဟောပြော

**ကျိုင်းတုံ ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အဖြစ် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေး အသိပေးဟောပြောပွဲကို ယမန်နေ့က ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီး ငလျင်ကြီးကြောင့် နိုင်ငံတော်တွင် ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ရှိခဲ့သောကြောင့် ငလျင်ဘေးအန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ခြေရှိသည့် နေရာဒေသများကို ဆန်းစစ်လေ့လာ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများ လျှော့နည်းသွားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်သည် ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း ယခင်ငလျင်ဖြစ်စဉ်ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ငလျင်မလှုပ်မီ၊ ငလျင်လှုပ်စဉ်နှင့် ငလျင်လှုပ်ပြီးချိန်များတွင် ပြုလုပ်ကြရမည့် နည်းလမ်းများ၊ ကာကွယ်နိုင်ရေးနည်းလမ်းများ၊ ငလျင်ကြီးများ မလှုပ်မီ သဘာဝအလျောက် ကြိုတင်သိရှိနိုင်သည့် အခြေအနေများကို တက်ရောက်လာသည့် ဒေသခံပြည်သူများနှင့် လူငယ်၊ လူရွယ်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များအား တာဝန်ရှိသူများက ဧပြီ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား စနစ်တကျ ရောင်းချစေရေး၊ စက်သုံးဆီဈေးနှုန်း၊ အခြင်အတွယ်နှင့် အရည်အသွေး မှန်ကန်စေရေး၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား စက်သုံးဆီရောင်းချခြင်း မပြုစေရေး တို့ကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စိုင်းအောင်ဇော်လင်း**





# ပွင့်ဖြူမြို့နယ်၌ အပူရှောင်စခန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

**ပွင့်ဖြူ ဧပြီ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ထိခိုက်လွယ်(သက်ကြီးဘိုးဘွားများ)၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ အပူရှောင်နားခိုနေထိုင်နိုင်ရေးအတွက် ဧပြီ ၃ ရက် နံနက်ပိုင်း၌ ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်၌ မြို့နယ်အပူရှောင်စခန်း ဖွင့်လှစ်ထားသည်။ (အပေါ်ပုံ)

အဆိုပါ အပူရှောင်စခန်းသို့ လာရောက်နားခိုနေထိုင်ကြသည့် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေရာထိုင်ခင်းများ၊ ပန်ကာများ၊ သောက်ရေသန့်များ၊ Water Cooler များ၊ ဓာတ်ဆားထုပ်များ ဆောင်ရွက်ထားရှိပေးထားကြောင်း၊ ထို့အပြင် အပူဒဏ်အန္တရာယ်ကင်းဝေးစေရန် အပူဒဏ်အန္တရာယ်အကြောင်းနှင့် ကြိုတင်ကာကွယ်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ချက်ချင်းဆောင်ရွက်နိုင်ရန် ယာယီဆေးပေးခန်း ဖွင့်လှစ်ထားရှိပေးထားပြီး အရေးပေါ် ကျန်းမာရေးကားတစ်စီးကိုလည်း အသင့်ပြင်ဆင်ထားရှိသည်။

အဆိုပါ အပူရှောင်စခန်းကို ဧပြီ ၃ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး အပူရှောင် လာရောက်ကြသူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာအလှူရှင်များ စုပေါင်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၄-၄-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက်မြို့ | ၄၂.၈ | ၁၀၉.၀ |
| ၂။ | မြင်းခြံမြို့ | ၄၂.၅ | ၁၀၈.၅ |
| ၃။ | ညောင်ဦးမြို့ | ၄၂.၂ | ၁၀၈.၀ |
| ၄။ | မြင်းမူမြို့ | ၄၂.၁ | ၁၀၇.၈ |
| ၅။ | ဆင်ဖြူကျွန်းမြို့ | ၄၂.၀ | ၁၀၇.၆ |
| ၆။ | မုံရွာမြို့ | ၄၂.၀ | ၁၀၇.၆ |
| ၇။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၁.၈ | ၁၀၇.၂ |
| ၈။ | မင်းဘူးမြို့ | ၄၁.၆ | ၁၀၆.၉ |
| ၉။ | ကျောက်ဆည်(လွန်ကျော်) | ၄၁.၅ | ၁၀၆.၇ |
| ၁၀။ | မကွေးမြို့ | ၄၁.၅ | ၁၀၆.၇ |

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဧပြီ ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ




ထိုင်းဘုရင့်ရေတပ်မှ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် စစ်ရေယာဉ် HTMS Kraburi(FFG-457) ပြန်လည်ထွက်ခွာစဉ်။

## ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG-457) သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

**အားကစားပြိုင်ပွဲများပြုလုပ်**

အဆိုပါ စစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေးခရီးရောက်ရှိလာခြင်းဖြစ်ပြီး မတ် ၃၁ ရက်မှ ယနေ့အထိ ငါးရက်ကြာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် မြန်မာ့ယဉ်ကျေးမှုနှင့်လိုက်ဖက်သည့် အကအလှများဖြင့် ဖျော်ဖြေသွားမည်

မန္တလေး ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပမည့် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်ဖက်သည့် အကအလှများဖြင့် ဖျော်ဖြေနိုင်ရန်အတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကထိကဒေါ်ချောကလျာအေးထံမှ သိရသည်။



လက်ရှိတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ကပြဖျော်ဖြေရန်အတွက် အစမ်းလေ့ကျင့်ကပြခြင်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမတွင် ဌာနပေါင်းစုံ၊ ကျောင်းပေါင်းစုံရှိ ကျောင်းသူများနှင့် လှပျိုဖြူများက အစမ်းလေ့ကျင့်ခြင်းများကို ပြုလုပ်လျက်ရှိသည်။

"မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းမယ်၊ အကနဲ့လည်းလိုက်ဖက်မယ့် အကအလှတွေကို သင်ကြားပေးထားပါတယ်၊ လူဦးရေ ၉၀၀ လောက်ကပြတာဖြစ်တဲ့အတွက် စနစ်တကျစုစည်းသင်ကြားပေးထားပါတယ်၊ သင်ကြားမှုပိုင်းမှာလည်း ဆင့်ပွားနည်းပြတွေကို ကကွက်တစ်ကွက်ချင်းစီကို သင်ကြားပြသပေးခဲ့ပြီးတော့ ညီညီညာညာ ကပြနိုင်ဖို့အတွက် စနစ်တကျသင်ကြားပေးလျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ကပြဖျော်ဖြေရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဌာနပေါင်းစုံ၊ ကျောင်းပေါင်းစုံမှ လှပျိုဖြူလေးများက ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် ယခုနှစ်တွင် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့်အပြင် ပြည်သူများကလည်း ပျော်ရွှင်စွာ ဆင်နွှဲပါဝင်ကြမည်ဖြစ်သည်။

"ဆရာမတွေက စနစ်တကျနဲ့လေ့ကျင့်သင်ကြားပေးထားပါတယ်၊ စိတ်ပါဝင်စားစွာနဲ့သင်ကြားထားတဲ့အတွက် ညီညာလှပစွာနဲ့ ကပြဖျော်ဖြေသွားမှာဖြစ်ပါတယ်၊ မိဘပြည်သူတွေအနေနဲ့လည်း လာရောက်အားပေးကြဖို့ဖိတ်ခေါ်ချင်ပါတယ်" ဟု ကပြဖျော်ဖြေရာတွင်ပါဝင်သော လှပျိုဖြူတစ်ဦးက ပြောသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအား သင်္ကြန်အကြိုနေ့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကျောင်းသူအင်အား ၅၀၀ ဦးနှင့် လှပျိုဖြူ ၄၀၀ ဦး၊ စုစုပေါင်းအင်အား ၉၀၀ ဦးဖြင့် ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်အတက်နေ့ ညနေပိုင်းတွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၅ သို့** ✡